မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၉ ရက်၊ ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီ ၃ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၈)၊ အမှတ်(၁၂၆)

ပဏ္ဍိတာနဉ္စသေဝနာ ဧတံ မင်္ဂလ မုတ္တမံ

ပညာရှိသောသူကို
မှီဝဲဆည်းကပ်ခြင်းသည်
မြတ်သော မင်္ဂလာမည်၏။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် ပုံညာတောင်ဥမင် အဝင်လမ်း ဖောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရေစကြိုမြို့နယ်၌ နွေစပါးဧက ၂၂၀၀ ကို အဝီစိတွင်းပေါင်း ၇၆၁ တွင်းနှင့် စပါးခွံသုံး ဓာတ်ငွေ့အင်ဂျင်စက်များအသုံးပြု၍ မြေအောက်ရေပေးဝေစိုက်ပျိုး

နွေစပါးများ ပန်းတိုင်အထွက်နှုန်း တစ်ဧက တင်း၁၀၀ ရရှိအောင် ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ၁ရက် မွန်းတည့် ၁၂နာရီတွင် မကွေးတိုင်း ရေစကြိုမြို့နယ် ပေကုန်းကျေးရွာအုပ်စု ပညင်းကျေးရွာ မြေအောက်ရေသုံး လယ်မြေများသို့ရောက်ရှိပြီး စပါးခွံသုံးဓာတ်ငွေ့ရေတင်စက်ဖြင့် လယ်မြေများသို့ စိုက်ပျိုးရေ ပေးဝေနေမှုကို ကြည့်ရှုစစ်ဆေးရာ ခရိုင်စက်မှုလယ်ယာဦးစီးမှူးက စပါးခွံသုံးဓာတ်ငွေ့ ရေတင်စက်အသုံးပြု၍ စိုက်ပျိုးရေပေးဝေနေမှုလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ✻

နေပြည်တော်ကို ပို၍သစ်လွင်လှပစေသော အဓိက လမ်းမကြီးများ ပေါ်ထွန်းလာပြီ

သတင်းမြင်ကွင်း - မြင့်မောင်စိုး

ဓာတ်ပုံ - လှရွှေ (ကေတုမတီ)

စာမျက်နှာဖွဲ့စည်းမှု - သန်းဇော် (မြန်မာ့အလင်း)

နေပြည်တော် ဖေဖော်ဝါရီ ၂

နေပြည်တော် စည်ပင်သာယာရေးကော်မတီသည် နေပြည်တော်ကို ကမ္ဘာ့အဆင့်မီ မြို့ကြီးများကဲ့သို့ ခေတ်မီမြို့တော်ကြီးအဖြစ် အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည်။

ဖွံ့ဖြိုးတိုးတက်

ယခုအခါ နေပြည်တော်တွင် ခေတ်မီခံ့ညားလှပသော လမ်းမကြီးများ၊ ရပ်ကွက်အလိုက် စနစ်တကျ တည်ဆောက်ထားသော နေအိမ်တိုက်တာများ၊ ဝန်ကြီးဌာနရုံးများ၊ ကျောင်းများ၊ ဈေးများနှင့် ဆေးရုံဆေးခန်းများဖြင့် ဖွံ့ဖြိုးတိုးတက်နေသည့် မြင်ကွင်းအဖုံဖုံကို မြင်တွေ့နေရပြီ ဖြစ်သည်။

သတင်းအဖွဲ့သည် နေပြည်တော်၏ စည်ကားဖွံ့ဖြိုးတိုးတက်လာပုံများကို သတင်းဆောင်းပါး လေ့လာရေးသားရန် နေပြည်တော် စည်ပင်သာယာရေးကော်မတီ၏ မြို့တော်ခန်းမသို့ မကြာမီက ရောက်ရှိခဲ့သည်။ နေပြည်တော် စည်ပင်သာယာရေးကော်မတီ လမ်းတံတားဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်မြင့်နှင့် တွေ့ဆုံမေးမြန်းခွင့် ရရှိခဲ့သည်။

စာမျက်နှာ ၉ ကော်လံ ၁ ●

သန့်ရှင်းသပ်ရပ်လှပခံ့ညားသည့်သပြေကုန်းအဝိုင်းလမ်းဆုံကြီးကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်)

နိုင်ငံ့ဂုဏ်ပြု ယဉ်ကျေးမှု ဆောင်ပုဒ်နှင့်အညီ ရှေးဟောင်းအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်

မြန်မာနိုင်ငံ၏သမိုင်းအထောက်အထားများ၊ ယဉ်ကျေးမှုအထောက်အထားများကို ရှေးဟောင်းသုတေသန နည်းပညာဖြင့် ရှာဖွေဖော်ထုတ်လျက်ရှိပေသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနသည် ''နိုင်ငံ့ဂုဏ်ပြု ယဉ်ကျေးမှု''ဟူသည့် ဝန်ကြီးဌာန၏ဆောင်ပုဒ်နှင့်အညီ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ဖော်ထုတ်ထိန်းသိမ်း စောင့်ရှောက်လျက်ရှိသည်။

ယင်းသို့ ဖော်ထုတ်ရာတွင် ပျူယဉ်ကျေးမှုအထောက်အထားသစ်များ ထပ်မံဖော်ထုတ်ခဲ့ရာ၌ ဗိဿနိုးမြို့ဟောင်းရှိ ရှေးဟောင်း အုတ်ကုန်းသုံးကုန်းကို သုတေသနပြုခဲ့သည်။

မကွေးတိုင်း တောင်တွင်းကြီးမြို့၏ အနောက်ဘက်၁၂မိုင်အကွာတွင်တည်ရှိသော ဗိဿနိုးမြို့ဟောင်းသည် မြန်မာနိုင်ငံ၏ ရှေးအကျဆုံး ပျူမြို့ဟောင်းတစ်ခုဖြစ်သည်။

ယခုအခါ ကုန်းအမှတ်(၂၇)မှ မြေပုတီးစေ့၊ အရိုးအိုး၊ အရိုးစု၊ ကြေးစလယ်၊ သံစလယ်၊ တိရစ္ဆာန်သွား၊ အင်ကြင်းကျောက်၊ အင်္ဂတေရုပ်တု၏ခြေထောက်အစိတ်အပိုင်း စသည်တို့ကို ထပ်မံတူးဖော်ရရှိခဲ့သည်။ အဆောက်အအုံအတွင်း ပလ္လင်ခုံအနီးမှ တူးဖော်ရရှိသော အရိုးအိုးကြီးမှာ အမြင့် ၁၈လက်မ၊ အချင်း ၁၀လက်မခွဲခန့်ရှိပြီး အလှအပအဆင်တန်ဆာများဖြင့် ပြုလုပ်ထားကြောင်း တွေ့ရှိရသည်။

ကုန်းအမှတ်(၂၈)ကို တူးဖော်ရာ၌ အဆောက်အအုံ၏ပန္နက်ပုံသဏ္ဌာန်သည်လည်း ထူးခြားမှုတစ်ရပ်ဖြစ်သည်။ ထိုကုန်းမှာပင် ကြေးဆီမီးခွက် ၃၈ခု၊ မြေဆီမီးခွက်ရှစ်ခုနှင့် အင်္ဂါမပြည့်စုံသော အရိုးစုတစ်စုကိုလည်း တွေ့ရှိခဲ့ရသည်။

ကုန်းအမှတ်(၂၉)၌ တူးဖော်ရရှိသော အဆောက်အအုံနှင့် ပန္နက်ခုံတို့သည် ယခင်တူးဖော်တွေ့ရှိပြီး အဆောက်အအုံများနှင့် နှိုင်းယှဉ်ပါက အသေးငယ်ဆုံးဖြစ်သောကြောင့် ထူးခြားမှုဟု ဆိုနိုင်ပေသည်။

သို့ဖြစ်ပေရာ ရှည်လျားခိုင်မာသည့် မြန်မာ့သမိုင်းစဉ်တစ်လျှောက်၌ မြန်မာလူမျိုးတို့၏လေ့ထုံးတမ်း ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားမှုသည် တူးဖော်ရရှိသော ရှေးဟောင်းပစ္စည်းအထောက်အထားများက သက်သေပြနေပေသည်။ ထိုခေတ်လူမျိုးတို့၏ ဆန်းသစ်သော အတွေးအခေါ် ဗိသုကာပိုင်းဆိုင်ရာ အားထုတ်ကြိုးပမ်းမှုကို သိရှိပေရာ တိုင်းရင်းသားပြည်သူများအနေဖြင့် ရှေးဟောင်းအမွေအနှစ်များကို တန်ဖိုးထားဆက်လက်ထိန်းသိမ်း စောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဘီးလင်းမြို့နယ် တောင်စွန်းအထက မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

မွန်ပြည်နယ် ဘီးလင်းမြို့နယ် တောင်စွန်း အထက ကျောင်းသား ကျောင်းသူများ၏ ဒသမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၄ရက်(စနေနေ့) ညနေ ၃နာရီတွင် အဆိုပါကျောင်းဝင်း၌ ကျင်းပမည်ဖြစ်သည်။ တောင်စွန်း အထကမှ အသက်(၆၀)ပြည့်ပြီး ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများထံ ဖိတ်စာပေးပို့ထားပြီးဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် ပူဇော်ပွဲကျင်းပရေးကော်မတီမှ နှိုးဆော်ထားသည်။ အလှူငွေနှင့်လှူဖွယ်ပစ္စည်းများကို အထကကျောင်းအုပ်ကြီးနှင့် ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးမောင်ထိန်၊ အတွင်းရေးမှူး ဦးတူးတို့သို့ တိုက်ရိုက်ဆက်သွယ် လှူဒါန်းနိုင်ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၃-၂-၂၀၀၉ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄:၁၅ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၄၀ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄:၄၅ ၇။ ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲအထောက်အကူပြု သင်ခန်းစာ (ဇီဝဗေဒ)
၅:၀၀ ၈။ မျိုးချစ်တပ်မတော်
၅:၂၀ ၉။ မြန်မာသံစဉ်ချိုနားဝင်
၅:၃၀ ၁၀။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၅၀ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၅။ လျှပ်တစ်ပြက်
၆:၃၅ ၁၆။ ကလေးတို့ကမ္ဘာပျော်ရွှင်စရာ
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကျွန်တော့်ချစ်သူ**(အပိုင်း-၂)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ မွေးမြူသုတ
၂၂။ ဗွီစီဒီကျော်ကြားတေးများ
၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားအလှသစ္စာတရား** (အပိုင်း-၂၁)

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ကောင်စီဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဖွင့်ပွဲနှင့် တက္ကသိုလ်ပညာရည်ချွန် ထူးချွန်ဆုပေးပွဲ အခမ်းအနား ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ တက်ရောက်

ရန်ကုန် ဖေဖော်ဝါရီ ၂

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ ဖွင့်လှစ်ပွဲအခမ်းအနားနှင့် တက္ကသိုလ်ပညာရည်ချွန် ထူးချွန်ဆုပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက ရန်ကုန်မြို့ သီလဝါနယ်မြေရှိ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၌ ကျင်းပသည်။

ဖွင့်လှစ်ပေး

အခမ်းအနားသို့ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ကောင်စီဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ဘွဲ့နှင်းသဘင်ခန်းမ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် ပါမောက္ခချုပ်တို့က အမွှေးနံ့သာရည်များ ပက်ဖျန်းကြသည်။

ဆုချီးမြှင့်

ယင်းနောက် တက္ကသိုလ်ပညာရည်ချွန် ထူးချွန်ဆုပေးအပ်ပွဲကို တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး၏အထူးရွှေတံဆိပ်ဆု၊ တော်ဝင်ရေယာဉ်ဗိသုကာအသင်း (အင်္ဂလန်)၏ (RINA Award) ရွှေတံဆိပ်ဆု၊ Hutchison Port Holding(Hong Kong) ၏ (HPH) ရွှေတံဆိပ်ဆုနှင့် ဘာသာရပ်အလိုက် တက္ကသိုလ်ပညာရည်ချွန် ရွှေတံဆိပ်ဆုရရှိကြသူများအား မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ကောင်စီဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးက ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထူးချွန်ဆုချီးမြှင့်

ပဲခူးတိုင်း(အနောက်ပိုင်း) ပေါက်ခေါင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၏ ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၅ရက်က ကျင်းပရာ နဝမတန်းတွင် ပထမဆုရ ကျောင်းသူ မခင်ခင်ဆုအား အထက်တန်းပြဆရာမ ဒေါ်သဇင်အေးက ဆုပေးအပ်ချီးမြှင့်စဉ်။

(ပညာရေး)

နေပြည်တော် မြန်မာ့အသံ

(ဗုဒ္ဓဟူးနေ့-နံနက်+နေ့လယ်+ည)
(၄-၂-၂၀၀၉)

၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇:၁၅ တရားတော်(ပုဗ္ဗဏှသုတ်) ဓမ္မပူဇာတေးပဒေသာ
၇:၃၀ (၃၈)ဖြာမင်္ဂလာ
၇:၃၅ နံနက်ခင်းတေးပဒေသာ
၈:၀၀ စံတော်ချိန် + သတင်း
၈:၁၀ နံနက်ခင်းတေးပဒေသာ
၈:၄၅ တေးပဒေသာ
၉:၀၀ အစီအစဉ်ပြီး၏။
၁၀:၀၀ မင်္ဂလာလက်ဆောင်
၁၀:၃၀ သတင်းစာအာဘော်
၁၀:၃၅ တေးပဒေသာ
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁:၂၅ ချမ်းမြေ့သာယာသီရိဂေဟာ (အကယ်ဒမီ မင်းမော်ကွန်းနဲ့ ချစ်ဇနီး သဥ္ဇာလှိုင်)
၁၁:၃၅ တေးပဒေသာ
၁၂:၀၀ စံတော်ချိန် နိုင်ငံတကာအနုပညာ (၃၆)
၁၂:၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၂:၂၅ ဇာတ်လမ်းပမာနားဆင်စရာ (ကျွန်တော် မင်းသမီးယောက်ျား)
၁၂:၄၅ တေးပဒေသာ
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ တေးပဒေသာ
၁၃:၃၀ အစီအစဉ်ပြီး၏။
၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၂၀ ဆောင်းပါး(လူနှင့်လောကဓံ)
၁၆:၃၀ ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ (အင်္ဂလိပ်စာ)
၁၇:၀၀ ခံတွင်းမြိန်စရာ သူ့လက်ရာ (ထမနဲထိုးကြမယ်)
၁၇:၁၀ ခံစားနားဆင်မြန်မာတေးသံစဉ်
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၀ တေးပဒေသာ
၁၇:၄၀ သိမှတ်စရာမြန်မာစကား မြန်မာစာ (ပင်းယခေတ် မြန်မာစကားပြေ အရေးအဖွဲ့)
၁၈:၀၀ ညနေခင်းသတင်း
၁၈:၀၅ ညနေခင်းတေးပဒေသာ
၁၈:၂၀ ကျေးလက်ဇာတ်လမ်း (ငွေရှင်အောင် ချဉ်ပေါင်စိုက်)
၁၈:၃၀ တူယှဉ်သီကြွေးစုံတွဲတေး
၁၉:၀၀ နိုင်ငံတကာသတင်း
၁၉:၀၅ သံစဉ်တေးသွားမေတ္တာစကား နိုင်ငံရေးဦးတည်ချက်
၁၉:၁၅ အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (ကြည်လဲ့လဲ့ဦး)
၁၉:၄၀ ဝတ္ထုတိုခံစားမှု (အမေအိမ်ကိုပြန်တဲ့နေ့)
၂၀:၀၀ ပြည်တွင်းသတင်း စီးပွားရေး ဦးတည်ချက်
၂၀:၂၀ သူ့ခေတ်သူ့ခါတေးကမ္ဘာ
၂၀:၅၀ ကျန်းမာရေးရာ သိကောင်းစရာ (အလှကုန်ပစ္စည်းနှင့် ကျန်းမာရေး)
၂၁:၀၀ ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက်
၂၁:၃၀ ညချမ်းချိန်ခါတေးပဒေသာ
၂၂:၀၀ အစီအစဉ်ပြီး၏။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တတိယအကြိမ် ထွန်းဖောင်ဒေးရှင်း (၂၀၀၈) စာပေဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဘာသာရပ် ၁၀ခုဦး စာအုပ်၊ စာမူဆုရ စာပေပညာရှင် ၁၆ဦးတို့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

တတိယအကြိမ် ထွန်းဖောင်ဒေးရှင်း (၂၀၀၈) စာပေဆုချီးမြှင့်ပွဲ

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်အားပေးချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၂

တတိယအကြိမ် ထွန်းဖောင်ဒေးရှင်း (၂၀၀၈) စာပေဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်၉နာရီခွဲတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် စည်ပင်လမ်းရှိ မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်အားပေးပြီး စာပေဆုရရှိသူများအား ဆုချီးမြှင့်သည်။

တက်ရောက်

စာပေဆုချီးမြှင့်ပွဲ အခမ်းအနားသို့ ပြန်ကြားရေး ဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ထွန်းဖောင်ဒေးရှင်းဘဏ်ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ထွန်းဖောင်ဒေးရှင်း စာပေကော်မတီ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ စာပေပညာရှင်များ၊ စာပေဆုရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ထွန်းဖောင်ဒေးရှင်းဘဏ်ဥက္ကဋ္ဌ ဦးသိန်းထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ထွန်းဖောင်ဒေးရှင်းစာပေကော်မတီ ဥက္ကဋ္ဌ အငြိမ်းစားသံအမတ်ကြီး ဦးသက်ထွန်းက စာပေကော်မတီ၏ စာပေရေးရာဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

တင်ပြ

ထို့နောက် ထွန်းဖောင်ဒေးရှင်းစာပေဆုရွေးချယ်ရေးကော်မတီ အတွင်းရေးမှူး ဦးမျိုးသန့် (မောင်ဆုရှင်) က ဆုရွေးချယ်ရေးအဖွဲ့၏ မှတ်ချက်အကျဉ်းကို တင်ပြသည်။

လက်ခံ

ယင်းနောက် တတိယအကြိမ် ထွန်းဖောင်ဒေးရှင်း(၂၀၀၈)စာပေဆုချီးမြှင့်ခြင်း အစီအစဉ်ကိုကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းကပျော်ရွှင်ကျန်းမာ ဘဝဆည်းဆာ စာအုပ်ဖြင့် ကျန်းမာကြံ့ခိုင်ဘာသာရပ်ဆုရ စာရေးသူ မြန်မာဆေးလောက ရွှေဆောင်ဆရာဝန်ကြီးများအား ဆုချီးမြှင့်ရာ ဒေါက်တာ ဒေါ်မြင့်မြင့်ခင်၊ ဒေါက်တာဦးကျော်လွင်နှင့် ဒေါက်တာ ဦးခင်မောင်ချစ်တို့က လက်ခံကြသည်။

ဆက်လက်၍ထွန်းဖောင်ဒေးရှင်းဘဏ်ဥက္ကဋ္ဌ၊ ထွန်းဖောင်ဒေးရှင်းစာပေကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များနှင့် စာပေကော်မတီ နာယကအဖွဲ့ဝင်များက ဘာသာရပ် ၁၀ခုတို့တွင် စာအုပ်၊ စာမူဆုရ စာပေပညာရှင် ၁၆ဦးတို့အား ဆုများအသီးသီး ချီးမြှင့်ကြသည်။

ထို့နောက် ထွန်းဖောင်ဒေးရှင်းဘဏ်ဥက္ကဋ္ဌ ဦးသိန်းထွန်းက ထွန်းဖောင်ဒေးရှင်း စာပေကော်မတီအတွက် ဂုဏ်ပြုလက်ဆောင်ကို စာပေကော်မတီဝင် ဦးမြင့်ကြွယ် (မောင်မြင့်ကြွယ်)ထံ ပေးအပ်ပြီး စာပေဆုချီးမြှင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၃-၂-၂၀၀၉ ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ နှောင်းခေတ်တေးပဒေသာ
- ၇:၅၀ ၅။ လက်ဆင့်ကမ်းပေးဂီတတေး
- ၈:၀၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈:၁၀ ၇။ ရုပ်မြင်ရသတေးစုကဏ္ဍ
- ၈:၂၀ ၈။ (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ အဆိုပြိုင်ပွဲ
- ၈:၅၅ ၁၁။ **မူးလျှင်မမောင်နဲ့ မောင်းလျှင်မမူးနဲ့** လူမင်း၊ သူသူဟံသာ (ဒါရိုက်တာ-သက်တင်)

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၄:၁၀ ၂။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၄:၂၀ ၃။ အတီးပြိုင်ပွဲ
- ၄:၃၅ ၄။ (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၄:၄၅ ၅။ ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (ဇီဝဗေဒဘာသာရပ်)
- ၄:၅၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၀၅ ၇။ တေးဂီတအစီအစဉ်
- ၅:၂၀ ၈။ **ရိုးသားစွာကြိုးစားပါ** ထွန်းထွန်းဝင်း၊ မြင့်မြင့်ခိုင်၊ ဟိန်းထက်ဇော်(ခ)ကာဟော၊ ဝီယ၊ ဦးစောနိုင်(ရှမ်းပြည်)၊ ဦးရဲစိန်၊ ကြည်စိုး(IC)၊ ဒေါ်အိအိစိုး၊ ဒေါ်သဲနုခိုင် [ဒါရိုက်တာ-မြင့်စိုး(ဝ/သ)]
- ၅:၄၅ ၉။ **ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရှင်သန် ခိုင်မာရန်မှာ ဒို့ဝန်တာ** (ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်) (တစ်နေ့တာ)
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၂။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆:၅၀ ၁၃။ ဆိုလိုက်ကြစို့
- ၇:၂၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှဲ့ဆိုးဆိုးသူကိုယ့်ချစ်သူ** (အပိုင်း-၉)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **မြင့်မြတ်နှလုံးသားပိုင်ရှင်** (အပိုင်း-၂၄)
- ၁၉။ အစီအစဉ်ပြီး၏။

**** ရှေ့ဖုံးမှ***

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် ပညင်းကျေးရွာမှ စိုက်ပျိုးထွက်ရှိသော ခြံစည်းရိုး ကြက်ဆူဆီများနှင့် ခြံစည်းရိုး ကြက်ဆူစေ့များ၊ သီးထပ်ရင်၊ ရွှေမြန်မာနှင့် ရွှေသွယ်ရင်စသော စပါးမျိုးနမူနာများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက်အောင်မြင်ဖြစ်ထွန်းလျက်ရှိသော မြေအောက်ရေသုံး နွေစပါးစိုက်ခင်းများ၌ သဘာဝမြေသြဇာကြဲပက်နေမှုနှင့် တန်းကြားပင်ကြား ပေါင်းမြက်ရှင်းလင်းနေမှုများကို ကြည့်ရှုစစ်ဆေးရာ ရေစကြိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက မြေအောက်ရေသုံး လယ်မြေများ စိုက်ပျိုးထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းရှင်းနီးနီးနှုတ်ဆက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က နွေစပါးဧက ၁၅၀၀၀၀ စိုက်ပျိုးရန် လျာထားချက်အပေါ် ပန်းတိုင်အထွက်နှုန်း တစ်ဧက တင်း ၁၀၀ ရရှိအောင် ဆောင်ရွက်သွားကြရန်နှင့် ရေစကြိုမြို့နယ်၌ နွေစပါးဧက ၂၂၀၀ ကို အဝီစိတွင်းပေါင်း ၇၆၁ တွင်းနှင့် စပါးခွံသုံးဓာတ်ငွေ့အင်ဂျင်စက်များ အသုံးပြု၍ မြေအောက်ရေပေးဝေစိုက်ပျိုးနိုင်ရန် ဦးစားပေးဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ အဆိုပါစပါးခွံသုံးဓာတ်ငွေ့စက်နှင့် ဒိုင်နမိုတွဲဖက်၍ ညအချိန်တွင် လျှပ်စစ်မီးရရှိရေးအတွက် ဆောင်ရွက်သွားရန် မှာကြားပြီး ဒေသခံများအား ရင်းရင်းနီးနီး နှုတ်ဆက်သည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ကျောရွာ ပုံညာတောင်ဥမင်ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ မြန်မာ့မီးရထားမှ ဒုတိယအင်ဂျင်နီယာမှူးနှင့် တာဝန်ရှိသူများက ကျော-ရေမျက်နီ ဥမင်ရထားလမ်းအူကြောင်းဖောက်လုပ်ပြီးစီးမှု အခြေအနေများ၊ ပုံညာတောင် ဥမင်တူးဖော်ခြင်းနှင့် ဥမင်အဝင်လမ်း ဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဂရုပြုဆောင်ရွက်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်သည် သံလမ်းပြေးယာဉ်ယယ်ဖြင့် ပုံညာတောင်ဥမင်အတွင်း ကြည့်ရှုစစ်ဆေးပြီး ရထားသံလမ်းနှင့် ဥမင်ကြံ့ခိုင်မှုလုပ်ငန်းများကို အမြဲဂရုပြုဆောင်ရွက်ကြရန်၊ ဥမင်အတွင်း ရေစိမ့်ဝင်ခြင်းကို ပြုပြင်ရန်၊ ဥမင်အတွင်းလျှပ်စစ်မီးသွယ်တန်းရာတွင် အန္တရာယ်ကင်းရှင်းစေရန်တို့ကို မှာကြားသည်။

ထိုမှတစ်ဆင့် ထီးလင်း-ဂန့်ဂေါ လမ်းဆုံရှိ ရှင်းလင်းဆောင်သို့ရောက်ရှိရာ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ (၁၁)မှ ဒုတိယအင်ဂျင်နီယာမှူးကြီးနှင့် တာဝန်ရှိသူများက မြိုင်-တောမ-ဂန့်ဂေါ လမ်းသစ်ဖောက်လုပ်ခြင်းလုပ်ငန်း အခြေအနေများကိုရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ကလိုအပ်သည်များကို ဖြည့်ဆည်းမှာကြားဆောင်ရွက်ပေးသည်။

ဒေသဖွံ့ဖြိုးတိုးတက်

အသစ်ဖောက်လုပ်သည့် မြိုင်-တောမ-ဂန့်ဂေါလမ်းသည် ၁၀၆မိုင်၂ဖာလုံ ရှိသည်။ အဆိုပါလမ်း ဖောက်လုပ်ပြီးစီးသွားပါက ကုန်စည်စီးဆင်းမှုများ မြန်ဆန်သွက်လက်ပြီး ဒေသပိုမိုဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်သည်။ **(သတင်းစဉ်)**

ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၆၅၃)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန၏ ရွှေမြန်မာအရောင်းဆိုင်တွင် Double Cub မော်တော်ယာဉ်များကို နေ့ချင်းပြီးရောင်းချလျက်ရှိရာ ဝယ်ယူသူများပြား၊ ဂျပန်နှင့်မြန်မာ ဂီတပညာရှင်များ၏ ဂီတဖျော်ဖြေပွဲကျင်းပမည်၊ ပိစပ်ရွက်နှင့် သတိပြုစရာ၊ အကယ်ဒမီ အနီးကပ်ခန့်မှန်း၊ ရေနှင့်ကုန်းနှစ်မျိုးသုံးနိုင်သောကားကို မြန်မာနိုင်ငံတွင် ပြန်လည်အကောင်အထည်ဖော်မည်၊ ဝက်များတွင် ကူးစက်ပျံ့နှံ့သေဆုံးနိုင်စေသည့် ရောဂါသစ်တစ်မျိုးကို သတိပြုကာကွယ်ရန် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ချုပ်က အကြောင်းကြား၊ ကမ္ဘောဇသာဒီနန်းတော်သို့ ပြည်ပဧည့်သည်များ လာရောက်လျက်ရှိ၊ ငွေဆောင်ကမ်းခြေ ဟိုတယ်များ၌ ဧည့်သည်များအား တိုင်းရင်းသားရိုးရာပွဲများဖြင့် ဆွဲဆောင်မည်၊ ရန်ကုန်မြို့မှ နိုင်ငံခြားပိုင် အဆောက်အအုံတစ်ခု ကြွေးကျန်ကြောင့်သိမ်း၍ လေလံတင်ရောင်းချမည်၊ လူတိုင်းအတွက် နွားနှစ်ဟောစာတမ်း၊ လေထဲတွင် ပေ၁၀၀ခန့်လွင့်ပျံသွားပြီး ကားကဘုရားကျောင်းခေါင်မိုးထဲ ဖောက်ဝင်သွား၊ အိုဘားမား မဖြစ်မနေလုပ်ဆောင်ရမည့် ကိစ္စကြီး၁၀ရပ်၊ အစ္စရေးက ဂါဇာဒေသအား လေကြောင်းမှ ဆက်လက်တိုက်ခိုက်၊ ကျပ်သိန်း၈၀၀တန် စိန်လက်စွပ်ကို မိလ္လာပိုက်တစ်လျှောက် ရှာပုံတော်ဖွင့်ခဲ့ရ၊ သဲကန္တာရထဲမှာ နှင်းတွေဖုံး၊ မိမိအတွက် ကျောက်ကပ်လှူဒါန်းခဲ့သောဇနီးသည် သေဆုံးသွားသဖြင့် ဆေးရုံကိုတရားစွဲ၊ ကမ္ဘာ့ရာသီဥတုဖောက်ပြန်မှုကြောင့် နိုင်ငံအချို့တွင် ရေခဲမုန်တိုင်းနှင့် အပူလှိုင်းကြောင့် လူအချို့သေဆုံး၊ ဇနီးသည်မွေးထားသည့် ကြက်တူရွေးက ခင်ပွန်းကို ဇနီးအနားသို့အကပ်မခံ၊ ဂွမ်တာနာမိုစစ်ခုံရုံးက အကြမ်းဖက်သမားများအား ကြားနာစစ်ဆေးမှု ရွှေ့ဆိုင်းထားရန် အိုဘားမား၏ တောင်းဆိုချက်ကိုပယ်ချခဲ့…စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျကဏ္ဍမျိုးစုံကို မေတ္တာလက်ဆောင်အချပ်ပို ရှစ်မျက်နှာနှင့်အတူ ထည့်သွင်းဖော်ပြထားကြောင်းနှင့် အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း ဘာသာရပ်ဆိုင်ရာပညာရှင်များ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း၏ စီစဉ်မှု Silver View Resort (Ngwe Saung Beach) နှင့် Shwe Inn Tha Resort Floating Resort (Inn Lay)တို့၏ ပံ့ပိုးကူညီမှုဖြင့် ဦးအေးကျော် (MHR)က ဖောက်သည်များနှင့် ရေရှည်ဆက်ဆံရေးစီမံခန့်ခွဲမှု (Customer Relationship Management) ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၅ ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ယုဇနဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ အလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြပြီး ဟောပြောပွဲများကို လတစ်လ၏ ပထမပတ် ကြာသပတေးနေ့တိုင်းတွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အာရှနိုင်ငံအချို့၏ ရာသီဥတုအခြေအနေ

စုစည်းတင်ပြသူ - မောင်ချစ်ကြည်

ရန်ကုန် ဖေဖော်ဝါရီ ၂

အာရှနိုင်ငံအချို့၏ ဖေဖော်ဝါရီ ၂ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေနှင့် နောက်နှစ်ရက်အတွက် ဖြစ်နိုင်ဖွယ်ရှိသည့် ရာသီဥတုခန့်မှန်းချက်များကို အင်တာနက်မှ ရယူစုစည်းကာ ဖော်ပြလိုက်ရပါသည်-

တရုတ်

တရုတ်နိုင်ငံ မြို့တော်ပေကျင်း၌ ဖေဖော်ဝါရီ ၂ရက်က အပူချိန်ရေခဲမှတ်အထိကျဆင်းခဲ့သည်။ နံနက်ပိုင်းဆီးနှင်းများကျဆင်းခဲ့ပြီး အရှေ့တောင်ဘက်မှလေများ တစ်နာရီ ၁၁မိုင်နှုန်းတိုက်ခတ်ခဲ့သည်။ တရုတ်နိုင်ငံတစ်ဝန်း၌ အပူချိန်များကျဆင်းခဲ့ပြီး တိမ်များဖြစ်ထွန်းခဲ့သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ နေ့အပူချိန်များ ၅ဒီဂရီစင်တီဂရိတ်ကျဆင်းပြီး ညအပူချိန် ၇ဒီဂရီစင်တီဂရိတ် အထိ ရှိနိုင်မည်ဖြစ်သည်။ တရုတ်ကမ်းလွန်ပင်လယ်ပြင်တွင် တစ်နာရီ ၃၅မိုင်နှုန်း လေပြင်းများတိုက်ခတ်နိုင်ပြီး လှိုင်းကြီးနိုင်သည်။ တရုတ်ကမ်းခြေဒေသများနှင့် တောင်ပိုင်းဒေသအချို့တွင် မိုးအနည်းငယ်ရွာသွန်းနိုင်ကြောင်း ဖော်ပြထားသည်။

အိန္ဒိယ

အိန္ဒိယနိုင်ငံတစ်ဝန်း၌ ပျမ်းမျှအပူချိန် ၂၃ဒီဂရီ စင်တီဂရိတ်ရှိခဲ့ပြီး နေရာဒေသအများအပြား၌ သာယာခဲ့သည်။ အိန္ဒိယနိုင်ငံ မြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းဒေသအချို့တွင် တိမ်များဖြစ်ထွန်းခဲ့သော်လည်း တစ်နာရီ မိုင် ၂၀နှုန်း လေပြင်းများတိုက်ခတ်ခဲ့သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ အိန္ဒိယနိုင်ငံ ဒေသအချို့တွင် မိုးအနည်းငယ်ရွာနိုင်သည်မှအပ သာယာမည်ဖြစ်သည်။ သို့သော် ညအပူချိန်များ အနည်းငယ်ကျဆင်းနိုင်ပြီး အရှေ့တောင်ပိုင်း ဒေသအချို့၌ အအေးပေါ့လာနိုင်သည်။ အိန္ဒိယပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့် ရှိမည်ဖြစ်သော်လည်း တစ်ခါတစ်ရံ လေပြင်းများ တိုက်ခတ်နိုင်ကြောင်း ဖော်ပြထားသည်။

မြောက်ကိုရီးယား

မြောက်ကိုရီးယားနိုင်ငံ မြို့တော်ပြုံယမ်း၌ ဖေဖော်ဝါရီ ၂ ရက်က ပျမ်းမျှအပူချိန်(-၁)ဒီဂရီစင်တီဂရိတ်အထိ ကျဆင်းခဲ့သည်။ နံနက်ပိုင်းဆီးနှင်းများ သိပ်သည်းစွာကျဆင်းခဲ့ပြီး မွန်းလွဲပိုင်း၌ တိမ်များဖြစ်ထွန်းခဲ့သည်။ သို့သော် အရှေ့မြောက်ဘက်မှ လေအေးများ တစ်နာရီ မိုင် ၂၀နှုန်း တိုက်ခတ်ခဲ့သဖြင့် အအေးပိုခဲ့သည်။ နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်နိုင်ငံလုံး၌ ညပိုင်း အအေးပိုလာမည်ဖြစ်သည်။ သို့သော် ဒေသအချို့၌ တိမ်များဖြစ်ထွန်းပြီး သာသာယာယာရှိနိုင်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ဂျပန်

ဂျပန်နိုင်ငံအနောက်ပိုင်းဒေသများတွင် ဖေဖော်ဝါရီ၂ရက်က ဆီးနှင်းများကျဆင်းခဲ့သည်။ မြို့တော်တိုကျို၌ နေ့အပူချိန် ၄ ဒီဂရီစင်တီဂရိတ်နှင့် ညအပူချိန် ၁၃ ဒီဂရီစင်တီဂရိတ်ရှိခဲ့သည်။ ယိုကိုဟားမားနှင့် ကိုဘေးမြို့များတွင် နေ့အပူချိန် ၈ ဒီဂရီစင်တီဂရိတ်ရှိခဲ့ပြီး သာသာယာယာရှိခဲ့သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ဂျပန်ပင်လယ်ပြင်တွင် မိုးသက်လေပြင်းများ တိုက်ခတ်နိုင်ပြီး လှိုင်းကြီးနိုင်သည်။ ဟွန်ရှူးကျွန်းတွင် မိုးအနည်းငယ်ရွာနိုင်ပြီး မြောက်ပိုင်းဒေသများ၌ တိမ်များဖြစ်ထွန်းနိုင်သည်။ ကမ်းခြေဒေသများတွင်လည်း မိုးရွာသွန်းနိုင်ကြောင်း ခန့်မှန်းထားသည်။

အာဖဂန်နစ္စတန်

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကာဘူးလ်တွင် ဖေဖော်ဝါရီ ၂ ရက်က နံနက်ပိုင်းဆီးနှင်းများကျဆင်းခဲ့ပြီး အရှေ့မြောက်ဘက်မှ လေအေးများ တစ်နာရီလျှင် ၁၅ မိုင်နှုန်းတိုက်ခတ်ခဲ့သည်။ တစ်နိုင်ငံလုံးတွင် ဒေသအချို့၌ တိမ်များ ဖြစ်ထွန်းခဲ့ပြီး သာယာခဲ့သည်။ နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ အနောက်ပိုင်းနှင့် အနောက်တောင်ပိုင်းဒေသ အချို့၌ မိုးအနည်းငယ်ကွက်ကျားရွာနိုင်သည်။ ကျန်ဒေသများတွင် ညအပူချိန် ၁၂ ဒီဂရီစင်တီဂရိတ်အထိ ကျဆင်းနိုင်ပြီး အအေးပိုနိုင်ကြောင်း ခန့်မှန်းဖော်ပြထားသည်။ ။

(အင်တာနက်)

မြောက်ကိုရီးယားအပေါ်ကောင်းကင်မှ ထောက်လှမ်းပျံသန်းမှု အမေရိကန်နှင့် တောင်ကိုရီးယားပြုလုပ်ခဲ့ဟုဆို

ပြုံယမ်း ဖေဖော်ဝါရီ ၂

အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့က ဇန်နဝါရီလအတွင်းတွင် ကောင်းကင်မှထောက်လှမ်းမှု အကြိမ်ပေါင်း ၁၈၀ ကျော် ပြုလုပ်ခဲ့ကြောင်း မြောက်ကိုရီးယားနိုင်ငံက ဇန်နဝါရီ ၃၁ ရက်၌ စွပ်စွဲလိုက်သည်။

၂၀၀၉ ခုနှစ် ဇန်နဝါရီလအတွင်း မြောက်ကိုရီးယားနိုင်ငံကို အမေရိကန် ယူတူး၊ အာရ်စီ-၁၂၊ အီး-၃ ထောက်လှမ်းရေးလေယာဉ်များက အနည်းဆုံးအကြိမ် ၁၁၀ နှင့် တောင်ကိုရီးယားလေတပ်မှ အာရ်စီ-၈၀၀နှင့် အာရ်အက်ဖ်-၄ စီ ထောက်လှမ်းရေးလေယာဉ်များ အကြိမ် ၇၀ ကျော် ထောက်လှမ်းပျံသန်းခဲ့သည်ဟု မြောက်ကိုရီးယား၏ကေစီအင်န်အေသတင်းဌာနက ထုတ်ပြန်သည်။

ထုတ်ပြန်

အမေရိကန်နှင့် တောင်ကိုရီးယားတို့၏ လေယာဉ်များဖြင့် ထောက်လှမ်းခြင်းကို ကေစီအင်န်အေအသင်းဌာနက လစဉ်သတင်းထုတ်ပြန်သည်။

အမ်အင်န်အေးဆင်ဟွာ

အီရတ်နိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲ ပြည်သူ ၅၀ ရာခိုင်နှုန်းကျော်သာ မဲပေးခဲ့

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂

စစ်ကြောင့် ဖွတ်ဖွတ်ညက်ညက် ကြေနေသည့် အီရတ်နိုင်ငံ၏ ပြည်နယ် ၁၈ ခုအနက် ပြည်နယ် ၁၄ခုတွင်ကျင်းပခဲ့သည့် နိုင်ငံတော်အဆင့် ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူ၏ ထက်ဝက်ကျော်ဖြစ်သည့် ၅၁ရာခိုင်နှုန်းသာ မဲပေးခဲ့ကြောင်း ဖေဖော်ဝါရီ ၂ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

မျှော်လင့်

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ကာ့ဒ်ပြည်နယ် ၃ခုနှင့် ရေနံကြွယ်ဝသည့် ကယ်ကွတ်တို့တွင် မဲဆန္ဒခံယူပွဲကို ယခုနှစ်နောက်ပိုင်းတွင် ကျင်းပနိုင်မည်ဟု မျှော်လင့်ရသည်ဟု ဆိုသည်။

ဆန္ဒခံယူ

ယခုမဲဆန္ဒခံယူပွဲတွင် စည်းရုံးရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ အသေးအဖွဲ့ပြဿနာများကို သတိပြုမိခဲ့ကြောင်း၊ သို့သော်လည်း လုံခြုံရေးပြဿနာ တစ်စုံတစ်ရာမရှိဘဲ ထိထိရောက်ရောက် လွယ်ကူချောမွေ့စွာဖြင့် ပြီးဆုံးသွားခဲ့ပြီဖြစ်ကြောင်း ဇန်နဝါရီ ၃၁ရက်ရွေးကောက်ပွဲအပြီးတွင် အီရတ်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးသံတမန်စတက်ဖင်ဒီမစ်တူရာက ပြောကြားခဲ့သည်။ **(အင်တာနက်)**



တောင်ကိုရီးယားနိုင်ငံ ဘူဆန်ဆိပ်ကမ်း၌ ပြည်ပသို့တင်ပို့မည့်ကားများ စုပုံနေသည်ကို ဖေဖော်ဝါရီ ၂ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

မီးခိုး ပြာမှုန့်များမှုတ်ထုတ်

ဂျပန်နိုင်ငံ တိုကျိုမြို့ အနောက်မြောက်ဘက်ရှိ အက်ဆမာမီးတောင်မှ မီးခိုး ပြာမှုန့်များ မှုတ်ထုတ်လျက်ရှိသည်ကို ဖေဖော်ဝါရီ ၂ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဂါဇာမှပစ်ခတ်မှုကို အစ္စရေးတို့တုံ့ပြန် နှစ်ဖက်စလုံး အသေအပျောက်မရှိခဲ့ဟုဆို

ဂါဇာ ဖေဖော်ဝါရီ ၂

ဂါဇာကမ်းမြောင်ဒေသမှ ဇန်နဝါရီ ၃၁ ရက်တွင် ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အစ္စရေးနိုင်ငံတောင်ပိုင်း အက်ရှ်ကီလန်မြို့အနီး ကျရောက်ပေါက်ကွဲခဲ့ကြောင်း၊ သို့သော်လည်း အသေအပျောက်မရှိခဲ့ကြောင်း အစ္စရေးစစ်ဘက်က ထုတ်ဖော်ပြောကြားခဲ့သည်။

အစ္စရေးနှင့် ဂါဇာတို့အကြား အပစ်အခတ်ရပ်စဲခဲ့သည့် ဇန်နဝါရီ၁၈ရက် ကတည်းက ယခုပစ်ခတ်မှုသည် ဒုံးကျည်ဖြင့်ပစ်ခတ်မှုများအနက်မှ တစ်ခုဖြစ်သည်။

ထုတ်ပြန်

ယင်းပစ်ခတ်မှုကို တုံ့ပြန်သည့်အနေဖြင့် ဖေဖော်ဝါရီ ၁ရက်တွင် အစ္စရေးတို့က ဂါဇာစီးတီးရှိ ဟားမတ်စ်လုံခြုံရေးပစ်မှတ်များနှင့် အီဂျစ်နယ်စပ်တစ်လျှောက် စစ်သွေးကြွအုပ်စုများ အသုံးပြုသည့် ဥမင်လိုဏ်ခေါင်းများကို လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခဲ့သည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁ရက်နှောင်းပိုင်းတွင် တုံ့ပြန်ခဲ့သော ယင်းလေကြောင်းတိုက်ခိုက်မှုတွင် အသေအပျောက် သတင်းထုတ်ပြန်ခဲ့ခြင်းမရှိပေ။

ဒဏ်ရာရရှိ

စောစောပိုင်းက ဂါဇာမှဒုံးကျည်များဖြင့် အစ္စရေးကိုပစ်ခတ်ခဲ့မှုအပေါ် မမျှတသော တုံ့ပြန်မှုကို ပြုလုပ်မည်မဟုတ်ကြောင်း အစ္စရေးဝန်ကြီးချုပ် အီဟွတ်အိုးလ်မတ်က ကတိပြုထားခဲ့သည်။ အစ္စရေးတောင်ပိုင်းသို့ ဒုံးကျည်နှစ်ခုကျရောက်ထိမှန်ပြီးနောက် မကြာမီ ၄င်းကအထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ နောက်ပိုင်းတွင် ပါလက်စတိုင်းစစ်သွေးကြွများ၏ မော်တာတစ်လက်ဖြင့် တရစပ်ပစ်ခတ်မှုကြောင့် အစ္စရေးသုံးဦး ဒဏ်ရာရရှိသွားခဲ့သည်ဟု ဆိုသည်။ **(အင်တာနက်)**

ဇန်နဝါရီလအတွင်း တောင်ကိုရီးယားပို့ကုန်လုပ်ငန်း တစ်ရှိန်ထိုးကျဆင်း

ဆိုးလ် ဖေဖော်ဝါရီ ၂

တောင်ကိုရီးယားနိုင်ငံ၏ ပို့ကုန်လုပ်ငန်းမှာ ၂၀၀၉ ခုနှစ် ဇန်နဝါရီလအတွင်း တစ်ရှိန်ထိုးကျဆင်းလာခဲ့ကြောင်း၊ ယင်းမှာ ယမန်နှစ်အလားတူ ကာလကထက် ၃၂ ဒသမ၈ရာခိုင်နှုန်း ကျဆင်းသွားခဲ့ခြင်းဖြစ်ကြောင်း အစိုးရအစီရင်ခံစာများက ဖော်ပြသည်။

ကမ္ဘာ့စီးပွားရေးအကျပ်အတည်း အခြေအနေများ ဖြစ်ပေါ်နေချိန်တွင် တောင်ကိုရီးယားနိုင်ငံတွင်း ထုတ်ကုန်များအား ပြည်ပမှ မှာယူမှု လျော့ကျသွားခဲ့ခြင်းကြောင့်ဖြစ်ကြောင်း စီးပွားရေးဝန်ကြီးဌာနက ပြောကြားသည်။

ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၁ဒသမ၇ဘီလီယံ ရောက်ရှိချိန်၌ သွင်းကုန်တန်ဖိုးမှာလည်း ၃၂ဒသမ၁ရာခိုင်နှုန်း ကျဆင်းလာခဲ့ကာ အမေရိကန်ဒေါ်လာ ၂၄ဒသမ ၆ဘီလီယံသို့ ရောက်ရှိခဲ့သည်။

ပထမဆုံး

သွင်းကုန်လုပ်ငန်းကျဆင်းမှုမှာ ၁၉၈၀ပြည့်နှစ်နောက်ပိုင်း ပထမဆုံးအကြိမ် အဆိုးရွားဆုံးကျဆင်းမှု ဖြစ်သည်။ ပြည်ပသို့ အများဆုံးတင်ပို့သည့် ပို့ကုန်များတွင် မော်တော်ကားများ၊ ကားပစ္စည်းအစိတ်အပိုင်းများ၊ ကွန်ပျူတာများနှင့် အိမ်တွင်းသုံးလျှပ်စစ်ပစ္စည်းများ ပါဝင်သည်။

ပြည်ပမှ မှာယူမှုများနည်းပါးလာသဖြင့် တရုတ်နှစ်သစ်ကူးပွဲတော်အတွင်း တောင်ကိုရီးယားနိုင်ငံအတွင်းရှိ စက်ရုံ၊ အလုပ်ရုံများအနေဖြင့် အလုပ်လုပ်ရက်များကို လျှော့ချခဲ့သည်။ ထို့အတူ မော်တော်ကားထုတ်လုပ်သည့် ကုမ္ပဏီများအနေဖြင့်လည်း ကားထုတ်လုပ်မှု လျှော့ချခဲ့ကြောင်း ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးဌာန အကြီးအကဲက ပြောကြားသည်။ **(အင်တာနက်)**

အီရန်ရေနံရောင်းချငွေ ကိုးလအတွင်းဒေါ်လာ ၆၄ ဘီလီယံရှိ

တီဟီရန် ဖေဖော်ဝါရီ ၂

၂၀၀၈ ခုနှစ် မတ်လမှ ဒီဇင်ဘာလထိ ကိုးလအတွင်း အီရန်နိုင်ငံ၏ ရေနံရောင်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၆၄ ဘီလီယံရှိကြောင်း အီရန်ရေနံဝန်ကြီး ဂို့လမ်ဟူစိန်နိုဇာရီက ပြောကြားသည်ဟု အီရန်ရုပ်မြင်သံကြားဌာနက ဇန်နဝါရီ ၃၁ ရက်တွင် ကြေညာသည်။

တင်ပို့ရောင်းချ

အီရန်နိုင်ငံ၏ စီးပွားရေးတွင် ရေနံနှင့် ဓာတ်ငွေ့တင်ပို့ရောင်းချမှုက အဓိကဖြစ်ပြီး ၂၀၀၈ ခုနှစ်အီရန်အစိုးရ ဝင်ငွေ၏ ၇၀ ရာခိုင်နှုန်းရှိသည်ဟုဆိုသည်။

အမ်အင်န်အေးဆင်ဟွာ

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တွင် အသေခံဗုံးခွဲမှုဖြစ်ပွားခဲ့ပြီးနောက် အပျက်အစီးများကို ဖေဖော်ဝါရီ၁ရက် က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ကိုလံဘီယာ ယာဉ်တိုက်မှု လေးဦးသေဆုံး ၁၆ ဦး ဒဏ်ရာရ

ဘိုဂိုတာ ဖေဖော်ဝါရီ ၂

ကိုလံဘီယာနိုင်ငံ အနောက်မြောက်ပိုင်း ပြည်နယ်ဖြစ်သည့် အန်တိုကျူရာပြည်နယ်၌ ဖေဖော်ဝါရီ ၁ရက်က ဖြစ်ပွားခဲ့သော ယာဉ်တိုက်မှု၌ လေးဦးသေဆုံးပြီး ၁၆ဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း ဒေသအာဏာပိုင်များက ပြောကြားသည်။

အဝေးပြေးလမ်းမကြီးပေါ်၌ မောင်းနှင်းလာသော ဘတ်စ်ကားမှာ အရှိန်လွန်ကာ ထရပ်ကားအား ဝင်တိုက်မိခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာရရှိသူများအား နီးစပ်ရာဆေးရုံသို့ တင်ပို့ပေးခဲ့သည်။

စည်းကမ်းဖောက်ဖျက်

ကိုလံဘီယာနိုင်ငံအတွင်း ဖြစ်ပွားသော ယာဉ်တိုက်မှုအများစုမှာ မဆင်မခြင်မောင်းနှင်ကြ၍ ဖြစ်ပွားခြင်းဖြစ်သည်။ ယာဉ်မောင်းများအနေဖြင့် သတ်မှတ်ထားသည့် နှုန်းထားထက် ပိုကာမောင်းနှင်ခြင်း၊ သတ်မှတ်စည်းကမ်းများကို ဖောက်ဖျက်ခြင်းနှင့် အရက်သောက်သုံးထားစဉ် ယာဉ်မောင်းနှင်ခြင်းတို့ကြောင့် ယာဉ်မတော်တဆမှုများမှာ ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်ဟု ရဲအရာရှိတစ်ဦးက ပြောကြားသည်။ **(အင်တာနက်)**

အမေရိကန် ရေဒါစခန်း တည်ဆောက်မည့်ကိစ္စ ချက်ပြည်သူ ၁၀၀၀ ခန့် ကန့်ကွက်ဆန္ဒပြ

ပရာဟာ ဖေဖော်ဝါရီ ၂

ချက်သမ္မတနိုင်ငံ၌ အမေရိကန်ရေဒါစခန်း တည်ဆောက်ရေးအစီအစဉ်ကို ကန့်ကွက်သည့် ချက်ပြည်သူအင်အား ၁၀၀၀ ခန့်တို့က ပရာဟာမြို့တော်၌ ဖေဖော်ဝါရီ ၁ ရက်က ကန့်ကွက်ဆန္ဒပြကြသည်။

ကန့်ကွက်

ဆန္ဒပြပြည်သူများက လက်နက်အပြိုင်တပ်ဆင်မှု ချက်ချင်းရပ်၊ ရေဒါစခန်း အလိုမရှိဟူသော ဆိုင်းဘုတ်များ ကိုင်ဆောင်ချီတက်ပြီး မြို့တော်အတွင်း စီတန်းလှည့်လည်ဆန္ဒပြ ကန့်ကွက်သည်။

ပေးအပ်

ကြွေးကြော်ဆန္ဒပြသူများက အမေရိကန်သမ္မတအိုဘားမားသို့ လိပ်မူသည့် ကန့်ကွက်စာတစ်စောင်ကိုလည်း အမေရိကန်သံရုံးသို့ ပေးအပ်လိုက်သည်။

အမ်အင်န်အေးဆင်ဟွာ

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ
တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူရန် ရွှေပြားများ တတိယအကြိမ် လှူဒါန်းပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂

နေပြည်တော်၌ တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူရန် ရွှေပြားများ တတိယအကြိမ် လှူဒါန်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁ရက် မွန်းလွဲ ၁နာရီတွင် အဆိုပါစေတီတော်ကုန်းတော်ရှိ မဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးကော်မတီ ဥက္ကဋ္ဌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဒုတိယဝန်ကြီးများ၊ ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးကော်မတီဝင်များ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် မိဘနှစ်ပါး ဆရာသမားများနှင့် ကျေးဇူးရှင်အပေါင်းတို့အား ရည်စူးအမျှထား၍ နေပြည်တော်ပျဉ်းမနား ရွှေချီရပ် ဓမ္မာစရိယ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တနန္ဒမာလာက တစ်ကျပ်သား ရွှေပြားတစ်ချပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ ဇနီး ဒေါက်တာ ဒေါ်ခင်သီတာ မိသားစုက သုံးကျပ်သား ရွှေပြားငါးချပ်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက သုံးကျပ်သား ရွှေပြား ၆၂ချပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်ရှိ တပ်ရင်းတပ်ဖွဲ့များ၊ အရာရှိစစ်သည် မိသားစုများက သုံးကျပ်သားရွှေပြား ၆၂ချပ်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့် ဝန်ထမ်းမိသားစုများက တစ်ကျပ်သား ရွှေပြားနှစ်ချပ်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့် ဇနီးဒေါ်တင်တင်လတ် မိသားစုက တစ်ကျပ်သားရွှေပြားတစ်ချပ်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဇနီး ဒေါ်တင်တင်နွဲ့မိသားစုက သုံးကျပ်သား ရွှေပြားတစ်ချပ်နှင့် တစ်ကျပ်သားရွှေပြားတစ်ချပ်၊ ကျောက်စိမ်းဆင်းတုတော်တစ်ဆူ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးနှင့် ဇနီးဒေါ်နီနီဝင်းအားအမျှထား၍ ဝန်ကြီးရုံး မိသားစုက သုံးကျပ်သား ရွှေပြားတစ်ချပ်၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနမိသားစုက သုံးကျပ်သား ရွှေပြားတစ်ချပ်၊ စွမ်းအင်ဝန်ကြီးဌာန မိသားစုက တစ်ကျပ်သားရွှေပြားနှစ်ချပ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမိသားစုက သုံးကျပ်သား ရွှေပြား တစ်ချပ်၊ ပညာရေးဝန်ကြီးဌာန မိသားစုက သုံးကျပ်သား ရွှေပြားတစ်ချပ်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဇနီး ဒေါ်ဝေဝေသာတို့အား အမျှထား၍ ဝန်ကြီးဌာန အရာထမ်း၊ အမှုထမ်းများက သုံးကျပ်သား ရွှေပြားသုံးချပ်၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ဇနီး ဒေါ်မြင့်မြင့်ကို မိသားစုက သုံးကျပ်သား ရွှေပြားတစ်ချပ်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာန ဝန်ထမ်းများက သုံးကျပ်သား ရွှေပြားနှစ်ချပ်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် ဇနီး ဒေါ်မူမူဝင်း မိသားစုက သုံးကျပ်သား ရွှေပြားသုံးချပ်၊ မြစ်ကြီးနားမြို့နေ ဦးပိတ်စိန်နှင့် ဇနီး ဒေါ်စဝ်ညွန့်မိသားစုက သုံးကျပ်သား ရွှေပြားတစ်ချပ်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ဇနီးဒေါ်အေးအေး မိသားစုက သုံးကျပ်သားရွှေပြားတစ်ချပ်၊ ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်၊ ဇနီးဒေါ်တင်ဌေးလှိုင်၊ သားသမီး မြေးမိသားစုက တစ်ကျပ်သားရွှေပါးလွှာတစ်ချပ်၊ ဗိုလ်ချုပ်တင်ထွန်း-ဒေါ်ခင်မြင့်ဝေ၊ သားသမီး မြေး မိသားစုက သုံးကျပ်သား ရွှေပြားတစ်ချပ်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်သန်းဌေးနှင့် ဇနီးဒေါ်နွဲ့နွဲ့ဝင်းမိသားစုက သုံးကျပ်သားရွှေပြားတစ်ချပ်၊ ကာကွယ်ရေး ဝန်ကြီးဌာန ထောက်ပံ့နှင့် ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံး အရာရှိ၊ အရာခံ၊ အကြပ်တပ်သားများမိသားစုက သုံးကျပ်သား ရွှေပြား၁၀ချပ်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ဉာဏ်ထွန်းနှင့် ဇနီးဒေါ်စိုးစိုးဟန် မိသားစုက သုံးကျပ်သား ရွှေပြားတစ်ချပ်၊ ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းနှင့် ဇနီး ဒေါ်နွယ်နီစမ်းမိသားစုက တစ်ကျပ်သား ရွှေပြားတစ်ချပ်၊ ဒုတိယဗိုလ်မှူးကြီးတင်ဦးနှင့် ဇနီး ဒေါ်သီတာတင် မိသားစုက သုံးကျပ်သားရွှေပြားတစ်ချပ်၊ ဒုတိယ ဗိုလ်မှူးကြီးသိုက်စိုး(ငြိမ်း)နှင့် ဇနီး ဒေါ်ထွေးထွေးမိသားစုက သုံးကျပ်သား ရွှေပြား တစ်ချပ်၊ နေပြည်တော်ပျဉ်းမနား စိုးသန်းဂေဟာနေ သုဓမ္မသိင်္ဂီ သီဟသုဓမ္မသိင်္ဂီ ဒေါ်သန်းသန်း အသက်(၇၅)နှစ်က နိဗ္ဗာန်ဆုရည်မှန်း၍ သုံးကျပ်သားရွှေပြားတစ်ချပ်၊ မိဘများအားအမျှထား၍ ဦးကျော်ကျော်လွင် (အထွေထွေမန်နေဂျာ)၊ ရောရှေ့ဝါကုမ္ပဏီက သုံးကျပ်သားရွှေပြားတစ်ချပ်နှင့် တစ်ကျပ်သားရွှေပြားတစ်ချပ်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရုံးအဖွဲ့မှူး ဦးအောင်နိုင်ထွန်းနှင့် ဇနီး ဒေါ်မေသန်းဆွေ မိသားစုက တစ်ကျပ်သား ရွှေပြားတစ်ချပ်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာန ရုံးအဖွဲ့မှူး ဒုတိယဗိုလ်မှူးကြီး စံရွှေအောင် (ငြိမ်း)နှင့် ဇနီး ဒေါ်အေးအေးသန်းမိသားစုက သုံးကျပ်သား ရွှေပြားတစ်ချပ်၊ ဘိုးဘိုးဦးကျင်ငွေနှင့် ဘွားဘွားဒေါ်ချစ်တင်တို့အား ရည်စူး၍ သမီး ဒေါ်ကြည်မြင့်နှင့်မြေးများ တောင်ကြီးမြို့က သုံးကျပ်သား ရွှေပြားတစ်ချပ်၊ ဦးသောင်းစိန်အားရည်စူး၍ ဇနီးဒေါ်ကြည်မြင့်နှင့် သားသမီးများ တောင်ကြီးမြို့က သုံးကျပ်သားရွှေပြားတစ်ချပ်နှင့် လက်ဝတ်ရတနာပစ္စည်း ၂၂မျိုး၊ နှစ်ဖက်သောမိဘများအား အမျှထား၍ ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့ မိဘရိပ်ဆန်စက်ပိုင်ရှင် သီရိသုဓမ္မမဏိဇောတဓရ ဦးမောင်လှနှင့် ဇနီး သုဓမ္မသိင်္ဂီ ဒေါ်ရွှေစိန်မိသားစုက သုံးကျပ်သား ရွှေပြားခြောက်ချပ်၊ ဦးခန့်ဇော် (ညွှန်ကြားရေးမှူး၊ စည်ပင်သာယာရေးဦးစီးဌာန) နှင့် ဇနီး ဒေါ်ရီရီခိုင်မိသားစုက သုံးကျပ်သား ရွှေပြားတစ်ချပ်၊ ကွယ်လွန်သူ ဖခင်ကြီး ဦးမျိုးမြင့် (ပြည်မြို့) အား ရည်စူး၍ ဒေါ်တင်တင်ဝင်းမိသားစုက သုံးကျပ်သား ရွှေပြားတစ်ချပ်၊ နှစ်ဖက်သောမိဘများအား အမျှထား၍ ဦးစိုးရန်နိုင်နှင့် ဇနီး ဒေါ်ကြည်ကြည်ညွှန့်မိသားစုက သုံးကျပ်သား ရွှေပြား တစ်ချပ်၊ ဦးလှမြင့် (ဒုတိယရုံးအဖွဲ့မှူး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန)နှင့် ဇနီး ဒေါ်ယုယုမြတ်မိသားစုက သုံးကျပ်သားရွှေပြားတစ်ချပ်၊ မိဘများအား ရည်စူးအမျှထား၍ နေပြည်တော်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ခင်နှင့် ဇနီး ဒေါ်ဝင်းဝင်းခိုင်မိသားစုက တစ်ကျပ်သားရွှေပြား တစ်ချပ်၊ ဦးဝင်းဇော်နှင့် ဇနီး ဒေါ်စောယုမော်မိသားစုက သုံးကျပ်သား ရွှေပြား တစ်ချပ်၊ T.Z.T.M ဆောက်လုပ်ရေး ကုမ္ပဏီမိသားစုက သုံးကျပ်သား ရွှေပြား တစ်ချပ်၊ မိခင်ဒေါ်ယဉ်မြင့်နှင့် ဦးသက်လင်းနှင့် ဇနီး ဒေါ်သီသီတင်မိသားစုက တစ်ကျပ်သားရွှေပြားတစ်ချပ်၊ ဦးသက်လင်းနှင့် ဇနီး ဒေါ်သီသီတင်မိသားစုက တစ်ကျပ်သားရွှေပြားတစ်ချပ်၊ ကွယ်လွန်သူ ဦးကျင်သိန်းအားရည်စူး၍ ဒေါ်သန်းသန်းရီ မိသားစုက တစ်ကျပ်သားရွှေပြားတစ်ချပ်၊ ဦးစေ့ဟုတ်နှင့် ဇနီး ဒေါက်တာဒေါ်အေးအေးမာမိသားစုက တစ်ကျပ်သားရွှေပြား တစ်ချပ်၊ နှစ်ဖက်သောမိဘများအား အမျှထား၍ ဦးထွန်းမြင့်နှင့် ဇနီး ဒေါ်မျိုးအိအိစံ မိသားစုက တစ်ကျပ်သားရွှေပြားတစ်ချပ်၊ နှစ်ဖက်သောမိဘများအား အမျှထား၍ ဦးမင်းသူနှင့် ဇနီး ဒေါ်ချိုချိုမော်မိသားစုက တစ်ကျပ်သား ရွှေပြားတစ်ချပ်၊ ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက်မိသားစုက သုံးကျပ်သားရွှေပြား ၁၀ချပ်၊ နှစ်ဖက်မိဘများအား အမျှထား၍ ဦးရွှေလေး (ဒုတိယအင်ဂျင်နီယာမှူးကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားအထူးအဖွဲ့-၃) နှင့် ဇနီး ဒေါ်စိမ့်နီခင်မိသားစုက တစ်ကျပ်သားရွှေပြားတစ်ချပ်၊ မိဘနှစ်ပါးအားအမျှထား၍ ဦးစန်းမြင့် (မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ငြိမ်း)နှင့် ဇနီး ဒေါ်ဆောင်းလမ်း၊ သား ဦးတင်ရွှေ (Myanmar Cotton Company)- ဒေါ်ယဉ်ယဉ်မြင့် မိသားစုက တစ်ကျပ်သားရွှေပြားတစ်ချပ်၊ မိဘဘိုးဘွားများရည်စူး၍ ဦးအောင်ဇော်မြင့်-အဂ္ဂမဟာသီရိ သုဓမ္မသိင်္ဂီ ဒေါက်တာ မြတ်မြတ်အုန်းခင်မိသားစုက သုံးကျပ်သား ရွှေပြားတစ်ချပ်၊ သုဓမ္မ မဏိဇောတဓရ ဦးဇေယျာသူရမွန်နှင့် ဒေါ်ခိုင်ခိုင်မြင့် (GK Power System) မိသားစုက သုံးကျပ်သားရွှေပြားတစ်ချပ်၊ သုဓမ္မမဏိဇောတဓရ ဦးဇေယျာသူရမွန်နှင့် ဒေါ်ခိုင်ခိုင်မြင့် (Fresh Air Conditioners)မိသားစုက သုံးကျပ်သား ရွှေပြားတစ်ချပ်၊ ဦးဝင်းကိုကို-ဒေါ်ခင်ဥမ္မာ(ဆန်းဆောက်လုပ်ရေးကုမ္ပဏီ)မိသားစုက သုံးကျပ်သားရွှေပြားတစ်ချပ်၊ ရန်ကုန်မြို့ Myanmar Summit Company မန်နေဂျင်းဒါရိုက်တာ ဦးဝင်းအောင်နှင့် ဝန်ထမ်းများက သုံးကျပ်သား ရွှေပြား တစ်ချပ်၊ နှစ်ဖက်သောမိဘများအား အမျှထား၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ် ၁၆ ပြည်ထောင်စုလမ်းနေ ဦးထင်အောင်ကျော်နှင့် ဇနီး ဒေါက်တာပပဝါ မိသားစုက သုံးကျပ်သားရွှေပြားသုံးချပ်၊ နေပြည်တော်တပ်ကုန်း မြဝတီရပ်ကွက်နေ ကိုဘိုဘိုကျော်-မပိုင်းစန္ဒာထွန်း မိသားစုက သုံးကျပ်သား ရွှေပြားတစ်ချပ်၊ ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်း တက္ကသိုလ်ရိပ်မွန်နေ ကိုထွန်းထွန်းလင်း-ဒေါ်ဖြူဇာသွယ် မိသားစုက တစ်ကျပ်သား ရွှေပြားတစ်ချပ်၊ ဦးဝင်းဦးနှင့် ဇနီး ဒေါ်ငြိမ်းငြိမ်း မိသားစုက တစ်ကျပ်သား ရွှေပြား တစ်ချပ်၊ နှစ်ဖက်သောမိဘများအား အမျှထား၍ ရန်ကုန်မြို့ သစ္စာဥယျာဉ်အိမ်ရာနေ ဦးမျိုးသန့်-ဒေါ်ခင်ဖြူဖြူ မိသားစုက တစ်ကျပ်သား ရွှေပြားတစ်ချပ်၊ ဦးသူရကိုကို-ဒေါ်အေးမြသီတာ မိုးကောင်းကင်စားသောက်ဆိုင်မိသားစုက တစ်ကျပ်သား ရွှေပြားတစ်ချပ်၊ ဦးစိုင်းတစ်အောင်နှင့် ဇနီး ဒေါ်နန်းယုံ (နောင်တုံဆောက်လုပ်ရေး ကုမ္ပဏီ)မိသားစုက သုံးကျပ်သား ရွှေပြား သုံးချပ်တို့ကို ပေးအပ်လှူဒါန်းကြရာ ဝန်ကြီးများနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။ အဆိုပါအခမ်းအနားသို့ တက်ရောက်သူ အလှူရှင် ၅၆ဦးက သုံးကျပ်သား ရွှေပြား ၁၉၇ချပ်၊ တစ်ကျပ်သား ရွှေပြား၂၂ချပ်နှင့် ကျောက်စိမ်းဆင်းတု တစ်ဆူ၊ လက်ဝတ်ရတနာပစ္စည်း၂၂မျိုးတို့ကိုလှူဒါန်းခဲ့ကြသည်။

အခမ်းအနားသို့ တက်ရောက်နိုင်ခြင်းမရှိသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် မိသားစုက သုံးကျပ်သားရွှေပြားသုံးချပ်၊ နှစ်ဖက်သောမိဘများအား အမျှထား၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး သာအေးနှင့် ဇနီးဒေါ်ဝေဝေခိုင်(အေးရိပ်ဝေ) မိသားစုက သုံးကျပ်သားရွှေပြားတစ်ချပ်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ မိသားစုက သုံးကျပ်သားရွှေပြား တစ်ချပ်၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်နှင့် ဇနီး ဒေါ်ချယ်ရီ မိသားစုက သုံးကျပ်သားရွှေပြား တစ်ချပ်၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း တပ်ဖွဲ့မိသားစုများက သုံးကျပ်သားရွှေပြား သုံးချပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် ဇနီး ဒေါ်ခင်မြဦးမိသားစုက သုံးကျပ်သားရွှေပြားနှစ်ချပ်နှင့်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) က သုံးကျပ်သား ရွှေပြား ၁၀ချပ်၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုးနှင့် ဇနီး ဒေါ်နီနီဝင်းမိသားစုက သုံးကျပ်သားရွှေပြား တစ်ချပ်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက သုံးကျပ်သား ရွှေပြား ၁၀ချပ် အပါအဝင် မြို့နယ်အသီးသီးမှ စေတနာရှင် အလှူရှင်၄၉ဦးက သုံးကျပ်သားရွှေပြား ၆၁ချပ်၊ တစ်ကျပ်သားရွှေပြား ၁၁ချပ်တို့ကို လှူဒါန်းခဲ့ကြသည်။

ရတနာပစ္စည်း ၂၂မျိုး

ယနေ့အခမ်းအနားတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူရန် မြို့နယ်အသီးသီးမှ စေတနာရှင် အလှူရှင် ၁၀၅ဦးက သုံးကျပ်သားရွှေပြား ၂၅၈ ချပ်၊ တစ်ကျပ်သားရွှေပြား ၃၃ချပ်နှင့် ကျောက်စိမ်းဆင်းတုတော်တစ်ဆူ၊ ရတနာပစ္စည်း ၂၂မျိုးတို့ကို လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



အိန္ဒိယသမ္မတနိုင်ငံ သမ္မတဟောင်း ကွယ်လွန်ခြင်းအတွက် ဝန်ကြီး ဦးဉာဏ်ဝင်း ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုး

ရန်ကုန် ဖေဖော်ဝါရီ ၂

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် ယနေ့နံနက် ၁၀နာရီ ၁၅မိနစ်တွင် ရန်ကုန်မြို့ အမှတ် (၅၄၅-၅၄၇) ကုန်သည်လမ်းရှိ အိန္ဒိယသမ္မတနိုင်ငံ သံရုံးသို့ သွားရောက်၍ ဇန်နဝါရီ ၂၇ရက်တွင် ကွယ်လွန်သွားခဲ့သော အိန္ဒိယသမ္မတနိုင်ငံ သမ္မတဟောင်း Mr.R. Venkatraman အတွက် ဖွင့်လှစ်ထားရှိသည့် ဝမ်းနည်းကြောင်းအထိမ်းအမှတ် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

(အပေါ်ပုံ) (သတင်းစဉ်)

✻ ကျောဖုံးမှ

ထိခိုက်

ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်ကလည်း ပင်လယ်နှင့် သမုဒ္ဒရာတို့၏ သဘာဝဖြစ်တည်မှုကို အကျိုးသက်ရောက်မှုဖြစ်စေကြောင်း၊ ပင်လယ်နှင့် သမုဒ္ဒရာတို့တွင် မျက်နှာပြင် အပူချိန်မြင့်တက်မှုကြောင့် ရေနေသတ္တဝါများနှင့် သန္တာကျောက်တန်းများကို ထိခိုက်စေကြောင်း သိရသည်။

ကမ္ဘာ့ပင်လယ်နှင့် သမုဒ္ဒရာများတွင် ၂၁ရာစု၌ အက်စစ်ပါဝင်မှုနှုန်း ဝဒသမ ၁၄နှင့် ဝဒသမ၃၅ အထိ ရှိနိုင်မည်ဖြစ်ကြောင်း၊ နှစ်စဉ် အက်စစ်ပါဝင်မှုနှုန်း တိုးမြင့်လာသဖြင့် ရေပျော်သတ္တဝါများအား ထိခိုက်ပျက်စီးမှုဖြစ်စေကြောင်း သိရသည်။

နှစ်ဆမြင့်တက်

လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ် ပါဝင်မှုနှုန်းများလေ ပင်လယ်နှင့် သမုဒ္ဒရာတို့တွင် အက်စစ်ဓာတ် ပိုမိုပါဝင်လေဖြစ်သဖြင့် လာမည့် ၂၀၅၀ပြည့်နှစ်တွင် အက်စစ်ဓာတ်ပါဝင်နှုန်း နှစ်ဆမြင့်တက်လာနိုင်မည် ဖြစ်သည်။

ပင်လယ်သမုဒ္ဒရာတို့အတွင်း အက်စစ်ဓာတ် ပါဝင်မှုများလာခြင်းသည် ရေနေသတ္တဝါများကို သေကျေပျက်စီးစေနိုင်သည့်အပြင် ရေနေသတ္တဝါတို့၏ အစားအစာများ ပျက်စီးဆုံးရှုံးမှုကို ဖြစ်စေသည်။

ခြိမ်းခြောက်လာနိုင်

ထိုသို့ သေကျေပျက်စီးခြင်းကြောင့် ကမ္ဘာ့ပြည်သူ သန်းပေါင်းများစွာတို့၏ စားနပ်ရိက္ခာဖူလုံရေးကို ခြိမ်းခြောက်လာနိုင်ကြောင်း သုတေသနပညာရှင်များက သတိပေးထားခြင်းဖြစ်သည်။

တိုက်တွန်း

ထို့ကြောင့် ပင်လယ်သမုဒ္ဒရာတို့အတွင်း အက်စစ်ဓာတ်ပါဝင်မှုနှုန်း လျော့နည်းစေရန် အရေးတကြီးဆောင်ရွက်သင့်ကြောင်း အမေရိကန် သုတေသနပညာရှင်များက တိုက်တွန်းထားသည်။ ॥ **(အင်တာနက်)**

ကြည့်ရှုစစ်ဆေး

ဖေဖော်ဝါရီ၁ရက်က ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး ဆေးပညာသင်ကြားရေးဗဟိုဌာန ဆေးပညာဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများ အတွက် အသုံးပြုရန် ထုတ်လုပ်ထားသော သင်ထောက်ကူပစ္စည်း (CD) အချပ်များကို ကြည့်ရှုစစ်ဆေးစဉ်။

(ကျန်းမာရေး)

ရန်သူ
မီးဘေး
တားဆီးရေး
မနှေး
ဆောင်ရွက်ကြ

စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ရွှေတောင်မြို့နယ် ကုန်းတန်းကြီးကျေးရွာတွင်ဖွင့်

ရွှေတောင် ဖေဖော်ဝါရီ ၂

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် တံပူစားကျေးရွာအုပ်စု ကုန်းတန်းကြီးကျေးရွာ 10 KVA စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲကို ဇန်နဝါရီ ၂၉ရက်က အဆိုပါစက်ရုံရှေ့၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် စက်ရုံသစ်ကို ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌဗိုလ်မှူးချုပ်စိန်မြင့်၊ ပြည်ခရိုင်ဥက္ကဋ္ဌဦးကျော်ညွန့်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်လွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

မီးစတင်ဖြန့်ဖြူးပေး

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌက စက်ရုံအတွင်းရှိ မိန်းခလုတ်ကို ဖွင့်လှစ်၍ (အပေါ်ပုံ) မီးစတင်ဖြန့်ဖြူးပေးသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် တက်ရောက်လာကြသူများက စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌက လျှပ်စစ်မီးအန္တရာယ် ကင်းရှင်းစေရေး၊ လျှပ်စစ်မီးပြတ်တောက်မှု နည်းပါးစေရေး၊ စက်များ အစဉ်ကြွံ့ခိုင်မှု ရှိစေရေးတို့ကို ဂရုပြု ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက် (၅)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။

၂။ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက် ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး။

၄။ တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက် ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ရေး။

၅။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စု တိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

ဂုဏ်ထူးမြန်မာစာနှင့် ဂုဏ်ထူးရတနာ အဆင့်မြင့်ပညာရေးဘော်ဒါ မြန်မာစာရည်ချွန်၊ ပညာရည်ချွန် ရွှေတံဆိပ်ဆုနှင်းပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂

ဂုဏ်ထူးမြန်မာစာနှင့် ဂုဏ်ထူးရတနာအဆင့်မြင့်ပညာရေးဘော်ဒါ၏ အကြိမ် (၃၀) မြောက် မြန်မာစာရည်ချွန်၊ ပညာရည်ချွန် ရွှေတံဆိပ်ဆုနှင်းပွဲကို ဇန်နဝါရီ ၂၅ ရက်က ရန်ကုန်မြို့ ကန်တော်ကြီးပန်းခြံရှိ Royal Garden Hotel ၌ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် ဂုဏ်ထူးဦးသိန်းနိုင်၊ ဆရာမဒေါ်ကြည်ကြည်တင်နှင့် ဆရာမဒေါ်ခင်စန်းမြင့်တို့က မြန်မာစာအပါအဝင် ဘာသာစုံဂုဏ်ထူးရှင် ၇၁ဦး၊ ငါးဘာသာ၊ လေးဘာသာ၊ သုံးဘာသာ၊ နှစ်ဘာသာနှင့် တစ်ဘာသာ ဂုဏ်ထူးရှင်ပေါင်း ၁၄၄ ဦးတို့အား ရွှေတံဆိပ်ဆုနှင့် စာအုပ်စာတမ်းများ ချီးမြှင့်ကြပြီး မြန်မာတစ်နိုင်ငံလုံးတွင် မြန်မာစာဘာသာရပ်၌ ၈၃ မှတ်ဖြင့် အမှတ်အများဆုံးရရှိကြသော မောင်ကျော်စွာလင်းနှင့် မဆုမြတ်စန္ဒီအောင်တို့အားလည်းကောင်း၊ မြန်မာတစ်နိုင်ငံလုံး ဘာသာစုံရမှတ်အများဆုံး ပထမဆုရှင် မအိအိလှိုင်နှင့် ဒုတိယဆုရှင် မဖြူဖြူခင်တို့အားလည်းကောင်း၊ တစ်နိုင်ငံလုံး ဘာသာစုံရမှတ်အများဆုံး အဆင့် ၁ မှ ၁၀ အတွင်းဝင်သူများဖြစ်ကြသော မမြတ်သီတာဇော်၊ မထွန်းဂျာလူ၊ မသက်သက်ဟန်၊ မဇင်မာထွန်း၊ မောင်ကျော်ထူးနောင်နှင့် မောင်ကံထူးအောင်တို့အား လည်းကောင်း၊ မြန်မာစာရမှတ် ၈၀ကျော် ရရှိသူများဖြစ်ကြသော မောင်ကျော်နောင်ထွေး၊ မနွယ်နီထွန်းနှင့် မစန္ဒီတင်ရွှေတို့အားလည်းကောင်း ရွှေတံဆိပ်ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲ အုတ်တွင်းတွင် ကျင်းပ

အုတ်တွင်း ဖေဖော်ဝါရီ ၂

ပဲခူးတိုင်း အုတ်တွင်းမြို့နယ် စာဆိုတော်နေ့အထိမ်းအမှတ် (၁၁)ကြိမ်မြောက်စာပေဟောပြောပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၆ရက် ညရနာရီက မြို့နယ်သမဝါယမ ရတနာခန်းမ၌ ကျင်းပရာ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စာပေဟောပြောပွဲ ကျင်းပရေးကော်မတီဝင်များနှင့် စာပေမြတ်နိုးသူများ တက်ရောက်ကြသည်။

စာပေရေးရာများဟောပြော

အခမ်းအနားတွင် စာပေဟောပြောပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ မြို့နယ်သတင်းထောက် ဦးတင်အုန်းမောင်က ကျေးဇူးတင်စကားပြောကြားပြီး မန္တလေးမြို့မှ စာရေးဆရာနေဝင်းမြင့်က ရုပ်သေးပွဲသွားရအောင် (အပေါ်ပုံ)၊ စာရေးဆရာ စိုးဘားဒိုင်က ဘဝဝန်းကျင် တက္ကသိုလ်၊ စာရေးဆရာမ ခင်ခင်ထူးက ကျေးတောသူ စသည့်ခေါင်းစဉ်များဖြင့် စာပေရေးရာများ ဟောပြောကြသည်။

(၁၁၆)

စာကြည့်တိုက် အဆောက်အအုံသစ် ဘောဂလိမြို့၌ဖွင့်

ဘောဂလိ ဖေဖော်ဝါရီ ၂

ဘောဂလိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ လင်းလက်ငွေကြယ်စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲကို ဇန်နဝါရီ ၃ရက် နံနက် ၉နာရီက သပြေညွန့်ကျေးရွာ၌ ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် သပြေညွန့်ကျေးရွာ ဥက္ကဋ္ဌ ဦးကြည်ဝင်းက အမှာစကားပြောကြားပြီး ဘောဂလိမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး နော်နီလာအေးက စာကြည့်တိုက်များ ရေရှည်တည်တံ့ ခိုင်မာရေးအကြောင်းကို ဟောပြောသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် စာကြည့်တိုက် အဆောက်အအုံကို ကျေးရွာဥက္ကဋ္ဌ ဦးကြည်ဝင်းနှင့် မြို့နယ်ဦးစီးမှူး နော်နီလာအေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ (အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

ကလေးပြိုင်ပွဲ ဆုချီးမြှင့်

စံပြမိခင်နှင့် ကလေးပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ရက်က ပန်းတနော်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းရုံး၌ ကျင်းပရာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်တင်မေရီက ပထမဆုရ ကလေးငယ်တစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (မိခင်နှင့် ကလေး)

အမြို့မြို့ အနယ်နယ် လိုတိုရှင်း သတင်းများ

စစ်တွေ၌ အမျိုးသားကာကွယ်ဆေးတိုက်ကျွေး

ရခိုင်ပြည်နယ် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ၂၀၀၉ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၀ရက် နံနက် ၈နာရီက စစ်တွေမြို့ရှိ မြို့တော်ခန်းမ၌ကျင်းပသည်။ ထို့နောက် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိုးလွင်နှင့်ဇနီးတို့က ကလေးငယ်များအား ကာကွယ်ဆေးများတိုက်ကျွေးခဲ့ပြီး ပြည်နယ်ကျန်းမာရေးဦးစီးဌာနက ပြသထားသောပြခန်းကို ကြည့်ရှုအားပေးသည်။ (ပြည်နယ် ပြန်/ဆက်)

ကျိုက်ထိုမြို့နယ်တွင် အသိပညာပေးဟောပြော

ကျိုက်ထိုမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၉ရက် နံနက်က မုပ္ပလင်ကျေးရွာ ရွာလယ်မှော်ရုံ၌ ကျင်းပရာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်မြတ်က အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဒေါ်ခင်မြင့်နှင့် အဖွဲ့အမှုဆောင်များက အသိပညာပေး ဆွေးနွေးဟောပြောကြသည်။ (မြို့နယ် ပြန်/ဆက်)

ပလက်ဝ၌ စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းဖွင့်

ပလက်ဝမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးစီး၍ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများမှ စာရေး(စာကြည့်တိုက်မှူး)များအား အခြေခံစာကြည့်တိုက်ပညာဆင့်ပွားသင်တန်းကို ဇန်နဝါရီ ၂ရက် နံနက် ၉နာရီက ကီမိုခန်းမ၌ သင်တန်းဖွင့်လှစ်ပို့ချခဲ့သည်။ (မြို့နယ် ပြန်/ဆက်)

အောင်မြေသာစံ သမဝါယမအသင်း အရပ်ရပ်စည်းဝေး

မန္တလေး အောင်မြေသာစံမြို့နယ် သမဝါယမအသင်းစု အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇန်နဝါရီ၈ရက် နံနက် ၉နာရီက ဧဖိလမ်းရှိ မြို့နယ်သမဝါယမ ဦးစီးဌာနတွင် ကျင်းပရာ မြို့နယ်သမဝါယမဦးစီးအရာရှိ ဦးအောင်ဝင်းက အမှာစကားပြောကြားပြီး အမှုဆောင် အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းကို ဒေါ်ခင်လှလှက ဖတ်ကြားတင်ပြကာ အသင်းသားများထံ အတည်ပြုချက်ရယူသည်။ (၀၉၀)

ကန့်ဘလူမြို့မဈေး မီးဘေးသရုပ်ပြငြိမ်းသတ်

ရွှေဘိုခရိုင် ကန့်ဘလူမြို့ မြို့မ စည်ပင်သာယာဈေး မီးဘေးကြိုတင်တားဆီးကာကွယ်ရေး ပညာပေးဟောပြောပွဲနှင့် မီးသတ်ရေငုတ်မှ မီးသတ်စက်ဖြင့် လက်တွေ့အသုံးပြု မီးငြိမ်းသတ်ပုံသရုပ်ပြ အခမ်းအနားကို ဇန်နဝါရီ၁၉ရက် ညနေ ၃နာရီက မြို့မစည်ပင်သာယာဈေးအတွင်း ကျင်းပရာ မီးသတ်စခန်းမှူးကျော်ကျော်နိုင်နှင့် ဒုတိယဦးစီးမှူး(ဈေး)ဦးတင်ထွန်းအောင်တို့က ပညာပေးဟောပြောကြပြီး မီးသတ်စက်ဖြင့် ရေငုတ်မှမီးငြိမ်းသတ်ပုံ လက်တွေ့သရုပ်ပြကြသည်။ (၀၂၇)

ဝိုင်းမော်မြို့၌ အသိပညာပေးဟောပြော

မြစ်ကြီးနားခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ ဝိုင်းမော်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ဇန်နဝါရီ ၁၃ရက် နံနက် ၁၀နာရီက အသိပညာပေးဟောပြောပွဲကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ဌေးက အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာကို ရှင်းလင်းဟောပြော၍ လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ဝေမာကြည်က အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးဆိုင်ရာ အကြောင်းတို့ကို အသိပညာပေး ဟောပြောသည်။ (ခရိုင် ပြန်/ဆက်)

မင်းကင်း ပေါက်အိုင်ကျေးရွာ၌ ရေသွင်းမြောင်းဖွင့်

စစ်ကိုင်းတိုင်း မင်းကင်းမြို့နယ် ပေါက်အိုင်ကျေးရွာအုပ်စုတွင် ဇန်နဝါရီ ၂၈ရက် နံနက် ၁၁နာရီက ကိုယ့်အားကိုယ်ကိုး ရေသွင်းမြောင်း ဖွင့်ပွဲကျင်းပရာ ပေါက်အိုင်အုပ်စုဥက္ကဋ္ဌ ဦးစံရွှေမြင့်နှင့် ကျေးရွာတာဝန်ရှိသူများက ရေသွင်းမြောင်းကို ဖွင့်လှစ်ပေးသည်။ အဆိုပါ ရေသွင်းမြောင်း ပင်မအရှည်ပေ ၅၃၀၀နှင့် ရေသွယ်မြောင်းပေ ၃၀၀၀၊ အကျယ်၄ပေ၊ အနက် ၆ပေ ဖြစ်ပြီး ပေါက်အိုင် ကျေးရွာအုပ်စုအတွက် နွေစပါးစိုက်ဧက ၃၇၀နှင့် ဆောင်းသီးနှံအတွက် ဧက ၈၀ တို့ စိုက်ပျိုးနိုင်ကြောင်း သိရသည်။ (၀၃၃)

ငွေချည်(၆)ဝါ နွားထိုးကြီး၌ ဒိုင်ဖွင့်ဝယ်

နွားထိုးကြီးမြို့နယ် အထည်အလိပ်လုပ်ငန်း(ဝါကြိတ်စက်ရုံ)က ဒီဇင်ဘာလမှစ၍ ငွေချည် (၆)ဝါ ဒိုင်ဖွင့်၍ ဝါဝယ်ယူနေရာ ပထမဆင့် ကျပ် ၉၀၀၊ ဒုတိယဆင့် ကျပ်၈၀၀၊ တတိယဆင့်ကျပ် ၇၀၀ဖြင့်ဝယ်ယူလျက်ရှိရာ ပြင်ပဝါဈေးကွက်တွင် ကျပ်၂၅၀၊၃၀၀၊၄၀၀ ဈေးဝန်းကျင်သာ ရှိသော်လည်း ဝါလုပ်ငန်းကတောင်သူများအတွက် ယခုကဲ့သို့ ငွေချည်(၆)ဝါကို ပထမဦးဆုံးဒိုင်ဖွင့် ဝယ်ယူခြင်းဖြစ်သည်။ (၀၉၂)

စဉ့်ကူး၌ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ

ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူး၍ ကျေးလက်နေပြည်သူများ အသိပညာ ကြွယ်ဝစေရေး ရေးရှုလျက်ကွင်းဆင်းစည်းရုံး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၇ရက်က ရွှေပြည်သစ် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို ညောင်ဝန်းကျေးရွာ၌ ကျင်းပရာ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်တင်တင်နုက ဖွင့်လှစ်ပြသရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ (မြို့နယ် ပြန်/ဆက်)

မိုးမောက်မြို့ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်

မိုးမောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း မြို့သန့်ရှင်းသာယာရေး ဆောင်ရွက်လျက်ရှိရာ အဖွဲ့ရုံးဝန်ထမ်းများ ဒီဇင်ဘာ ၅ရက်က မြို့ဝင်ဆိုင်းဘုတ်အတွင်း မြေယာရှင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုကို တာဝန်ခံအင်ဂျင်နီယာ ဦးနုဆောင်က ကြီးကြပ် ဆောင်ရွက်ခဲ့သည်။ (မြို့နယ်စည်ပင်)

လှိုင်သာယာ-အသုတ် ၂၃၀ကေဗွီ မဟာဓာတ်အားလိုင်း လုပ်ငန်းများ
လျှပ်စစ်(၂)ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ယမန်နေ့ နံနက်၁၁နာရီက ဧရာဝတီတိုင်း ပန်းတနော်မြို့နယ် ကဇင်းတော ကျေးရွာအနီးရှိ လှိုင်သာယာ-အသုတ် 230 KV မဟာဓာတ်အားလိုင်း တာဝါတိုင်အမှတ်(၁၄၇)သို့ ရောက်ရှိပြီး စီမံကိန်းဆိုင်ရာပစ္စည်းများ သိုလှောင်ထားမှုတို့ကိုလည်းကောင်း၊ တာဝါတိုင်အမှတ်(၁၄၈)အား Tension တာဝါတိုင်မှ Suspension တာဝါတိုင်အဖြစ် ပြောင်းလဲတည်ဆောက်နိုင်ရန် ဆောင်ရွက်လျက်ရှိသည့် Bored Pile Foundation လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူများက လှိုင်သာယာ-အသုတ် 230 KV မဟာဓာတ်အားလိုင်းလုပ်ငန်းများ၊ ဧရာဝတီမြစ်ကျော်ဓာတ်အားလိုင်း ကြိုးဆွဲခြင်းလုပ်ငန်း ဆောင်ရွက်မည့် အခြေအနေများနှင့် Bored Pile Foundation လုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လုပ်ငန်းများကို သတ်မှတ်ချိန်အတွင်း ပြီးစီးရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး အလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ပန်းတနော်မြို့နယ် ကဇင်းတော ကျေးရွာအနီးရှိ လှိုင်သာယာ-အသုတ် မဟာဓာတ်အားလိုင်း တာဝါတိုင်များ ပြန်လည် ထူထောင်သည့် စီမံကိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(အမှတ်-၂၊ လျှပ်စစ်)

နိုင်ငံဂုဏ်ရည် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

သရက် ဖေဖော်ဝါရီ ၂

သရက်ခရိုင် မင်းတုန်းမြို့နယ် တောင်ပတ်ကျေးရွာအုပ်စု သဖန်းကိုင်းကျေးရွာ နိုင်ငံဂုဏ်ရည် စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲကို အဆိုပါကျေးရွာတွင် ဒီဇင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ မင်းတုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသာညွှန့်၊ သရက်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းမြိုင်၊ တောင်ပတ်ကျေးရွာ ဥက္ကဋ္ဌ ဦးပြုံးမောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါ အဆောက်အအုံသစ်သည် (၁၆×၂၇) ပေရှိကာ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း အဆောက်အအုံသစ် ဖြစ်သည်။ (ခရိုင် ပြန်/ဆက်)

ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ဦးဆောင်မှုဖြင့် ရာဇာဓိရာဇ်လမ်းနှင့် အနော်ရထာလမ်းထောင့်ရှိ ရေနုတ်မြောင်းအား ရေစီး ရေလာ ကောင်းမွန်စေရေးအတွက် ဇန်နဝါရီ ၃၁ရက်က ရေမြောင်းများ အတွင်းရှိ အမှိုက်များ၊ ပေါင်းမြက်များ၊ နုန်းများ ဆယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးကျော်၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာကျော်စိုးဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကိုနှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

လမိုင်းမြို့၌ ကတ္တရာလမ်းခင်း

လမိုင်း ဖေဖော်ဝါရီ ၂

လမိုင်းမြို့ စည်ပင်သာယာရေးအဖွဲ့နှင့် မော့ကနင်ကျေးရွာ ပြည်သူများပူးပေါင်း၍ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် မောကနင်-နှစ်ကရင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း အရှည်ပေ ၂၀၀၀ ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးအေးမင်းထွန်း ဆောင်ရွက်မှုကို မြို့အုပ်ချုပ်ရေးမှူး ဦးတင့်ဇော်နှင့် မြို့တာဝန်ခံ ဦးသိန်းသန်းစိုးတို့က ကြီးကြပ်ဆောင်ရွက်ပေးသည်။ (မြို့နယ် ပြန်/ဆက်)

ဆော့ဖ်ဝဲနှင့်သက်ဆိုင်သည့် သင်တန်းများ သင်ကြားပို့ချမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

Software Engineer တစ်ယောက်ဖြစ်လာစေရန် Yoma Technologies ၏ လက်တွေ့ Program ရေးသားမှုသင်တန်းက Professional Software ရေးသားခြင်းကို ပို့ချပေးမည်ဖြစ်ပြီး လက်တွေ့ဆောင်ရွက်နေသည့် ကျွမ်းကျင်သူများထံမှ လေ့လာသင်ယူခြင်းဖြင့် Software Development နယ်ပယ်တွင် လုပ်ဆောင်အသုံးပြုလျက်ရှိသည့် နည်းစနစ်အတွေ့အကြုံများကို ပိုမိုထိရောက်စွာ အသုံးပြုနိုင်မည် ဖြစ်သည်။

ဖွင့်လှစ်

Yoma Technologies သည် လုပ်ငန်း အတွေ့အကြုံ နှစ်ပေါင်းများစွာ ရှိသည့် British Software Engineer ၏ စီစဉ်ညွှန်ကြားမှုဖြင့် ဖေဖော်ဝါရီ ၁၆ ရက်တွင် Step by Step Computer Programming Course (Java)၊ ဖေဖော်ဝါရီ ၂၃ ရက်တွင် Advanced Java Course၊ ဧပြီ ၂၂ရက်တွင် OJT Java Developer Course (JSE/J2SE) စသည်တို့အပြင် ဖေဖော်ဝါရီ ၁၆ရက်တွင် Enterprise Java (JEE/J2EE) Course ကိုလည်း ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

သင်ကြား

Step by Step Computer Programming Course (Java) တွင် Computer Programming concepts၊ Introduction to Programming using Java ၊ Programming Logic & Control Structures၊ Recursion and Algorithms နှင့် Introduction to Object Oriented Programming (OOP) တို့ကို လည်းကောင်း၊ Advanced Java Course တွင် Object Oriented Design and UML ၊ Core Java/J2SE (Collections, I/O,Inner Classes, Generics etc)၊ Java Swing API for GUI၊ Exceptions and Exception Handling Techniques၊ Introduction to Relational Databases and SQL နှင့် Java Database Connectivity (JDBC) တို့ကိုလည်းကောင်း၊ OJT Java Developer Course (JSE/J2SE) တွင် Software Development Lifecycle ၊ Object Oriented System Analysis and Design ၊ Software Architectures ၊ Component Based Development၊ Software Engineering Best Practices နှင့် A practical software development project to apply all of the above တို့ကို လည်းကောင်း၊ Enterprise Java (JEE / J2EE) Course တွင် EJB 3 (Enterprise Java Bean)၊ JPA(Java Persistent API) for Object-Relational Mapping ၊ JTA (Java Transaction API) with EJB ၊ JMS (Java Messahing Service) with EJB ၊ Servlets(Core Java Web Application)၊ JSP (Java Server Pages) to extend Servlets နှင့် JSF (Java Server Faces) the latest Java Web Application Framework တို့ကို လည်းကောင်း သင်ကြားမည် ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

သင်တန်းတက်ရောက်လိုသူများသည် Yoma Technologies ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ် အဆောင်(၂) အခန်း(၃) ဖုန်း-၆၅၂၂၆၄ လိုင်းခွဲ-၁၅၊ ၇၀၃၂၃၀၊ ၅၀၃၅၉၉ Web : www. yomatechnologies. com/training တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ကိုရီးယား ဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၂

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E.Mr. Kim Sok Chol သည် ယနေ့ ညနေ ၃နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တက်ရောက်

ယင်းသို့တွေ့ဆုံရာ၌ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

(သတင်းစဉ်)

ဘီးလင်း၌ ကတ္တရာလမ်းသစ်ဖွင့်

ဘီးလင်း ဖေဖော်ဝါရီ ၂

ဘီးလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ သစ်ရာပင်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၅ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် ဘီးလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးသန်းဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ဖေဖော်ဝါရီ ၂ရက်က လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် **Mr.Ibrahim Agboola Gambari** တို့ ရန်ကုန်မြို့ စိမ်းလဲ့ကန်သာ ဧည့်ရိပ်သာ၌ တွေ့ဆုံကြစဉ်။ (သတင်း-ကျော်ဖုံး) (သတင်းစဉ်)

ဗဟိုဘဏ်လုပ်ငန်းသင်တန်း အရာရှိအဆင့် ဆင်းပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ကြီးမှူးဖွင့်လှစ်သည့် ဗဟိုဘဏ်လုပ်ငန်းသင်တန်း (Central Banking Course) အရာရှိအဆင့် သင်တန်းအမှတ်စဉ် (၁/၂၀၀၉) ဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းတက်ရောက် အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါသင်တန်းဆင်းပွဲသို့ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်ဆုရရှိကြသူများအား ဆုများချီးမြှင့်၍**(အောက်ပုံ)** သင်တန်းသားများကိုယ်စား သင်တန်းသားခေါင်းဆောင်အား သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။

လေ့လာသင်ကြားခဲ့

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ၃၁ဦးတက်ရောက်ခဲ့ကြပြီး ဘဏ်လုပ်ငန်းဆိုင်ရာ ပညာရပ်များ၊ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများကို ရက်သတ္တလေးပတ်ကြာ လေ့လာသင်ကြားခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၂-၂၀၀၉ (အင်္ဂါနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	**ဩဃလွန်မြောက်နိဗ္ဗာန်ရောက်** တရားတော် (အောင်စကြာဆရာတော် အရှင်စန္ဒသိရီ)
၈:၀၅-၂:၀၅	ရွှေတန့်တစ် လျှပ်စစ်မြစ်ရေတင် လုပ်ငန်းနှင့် ဖွံ့ဖြိုးတိုးတက်နေသော ရွှေတန့်တစ်စံပြကျေးရွာ
၈:၁၅-၂:၁၅	တေးဂီတအစီအစဉ်
၈:၂၀-၂:၂၀	Sunday Talk
၉:၁၅-၃:၁၅	ပြည်တွင်းသတင်းအကျဉ်း
၉:၂၅-၃:၂၅	တေးဂီတအစီအစဉ်
၉:၃၀-၃:၃၀	Activities in the City (မြင်းစီးပြိုင်ပွဲ)
၉:၅၅-၃:၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၀၀-၄:၀၀	ရွှေတောင်စက်ရုံစွမ်းပကား စက်မှု(၁)ရဲ့အား
၁၀:၁၀-၄:၁၀	တေးဂီတအစီအစဉ်
၁၀:၁၅-၄:၁၅	မိုးလေဝသခန့်မှန်းချက်
၁၀:၂၀-၄:၂၀	မြန်မာကြိုက် နံ့သာဖြူပရုတ်ဆီ
၁၀:၃၀-၄:၃၀	တေးဂီတအစီအစဉ်
၁၀:၃၅-၄:၃၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၄၅-၄:၄၅	တေးဂီတအစီအစဉ်
၁၀:၅၀-၄:၅၀	မြန်မာစားသုံးဖို့ မြန်မာယူနီကုဒ်ပရိဂံရမ်များ
၁၁:၁၀-၅:၁၀	တေးဂီတအစီအစဉ်
၁၁:၁၅-၅:၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၂၀-၅:၂၀	တေးဂီတအစီအစဉ်
၁၁:၃၀-၅:၃၀	စိန်ကြယ်ပွင့်တို့ရဲ့ သားအိမ်ခေါင်းကင်ဆာ စကားဝိုင်း
၁၁:၅၀-၅:၅၀	တေးဂီတအစီအစဉ်
၁၂:၀၀-၆:၀၀	Yangon Panorama (ရေဝတီလင်းပိုင် သတင်းမှတ်တမ်းရိုက်ကူးရေး စာနယ်ဇင်းရှင်းလင်းပွဲ)
၁၂:၂၀-၆:၂၀	မန်းချောင်းတံတား
၁၂:၃၀-၆:၃၀	Music Gallery (ရင်ဂို-တူရိယာလုလင်)
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၃၀	Arsenal-Cardiff City	Star Sports (Live)

လန်ဒန်၌ ဆီးနှင်းများကျဆင်း လေယာဉ်ခရီးစဉ်များဖျက်သိမ်းရ

လန်ဒန် ဖေဖော်ဝါရီ ၂

ဗြိတိန်နိုင်ငံ လန်ဒန်မြို့အနီးဝန်းကျင်ဒေသတွင် ဖေဖော်ဝါရီ၂ရက်က ဆီးနှင်းများ ထူထပ်သိပ်သည်းစွာ ကျဆင်းခဲ့ရာ လေယာဉ်ခရီးစဉ် အများအပြား ဖျက်သိမ်းခဲ့ရကြောင်း ဗြိတိသျှလေကြောင်း အရာရှိများက ပြောကြားသည်။

ပိတ်ထား

ဆီးနှင်းများထူထပ်စွာ ကျဆင်းမှုကြောင့် ဟီသရိုးလေဆိပ်၊ လန်ဒန်လေဆိပ်တို့၌ လေကြောင်းခရီးစဉ်အချို့ ရပ်ဆိုင်းထားရပြီး မော်တော်ယာဉ်သွားလာမှုလည်း ရပ်ဆိုင်းခဲ့ရကြောင်း။ ထို့အပြင်စာသင်ကျောင်း ၆ဝခန့်ယာယီပိတ်ထားရကြောင်း ၎င်းတို့ကပြောကြားသည်။**(အင်တာနက်)**

မြန်မာ့အလင်း သဘာဝဘေးအန္တရာယ် ဖောင်ပိတ်သတင်း

ဂျပန်အလယ်ပိုင်းရှိ အေဆာမာ မီးတောင်ပေါက်ကွဲ

တိုကျို ဖေဖော်ဝါရီ ၂

ဂျပန်နိုင်ငံအလယ်ပိုင်းရှိ အေဆာမာမီးတောင်သည် ဖေဖော်ဝါရီ၂ရက်က ပေါက်ကွဲခဲ့ကြောင်း၊ မီးတောင်ပေါက်ကွဲမှုကြောင့် ပြာမှုန်များနှင့် မီးခိုးများ ဝေဟင်အမြင့် တစ်မိုင်ကျော်အထိ လွင့်တက်ခဲ့ကြောင်း ဂျပန်အရာရှိများက ပြောကြားသည်။

လွင့်ပျံ

မီးတောင်ပေါက်ကွဲမှုကြောင့် ထွက်ပေါ်လာသော ကျောက်တုံးများ၊ ပြာမှုန်နှင့်အခြားပစ္စည်းများမှာ တိုကျိုမြို့အစိတ်အပိုင်း အချို့ပေါ်အထိ လွင့်ပျံကျဆင်းလာခဲ့သည်။

ဖြတ်သန်းခွင့်

မီးတောင်ပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း၊ မီးတောင်ပတ်ဝန်းကျင် လေးကီလိုမီတာအတွင်း မည်သူမျှဖြတ်သန်းခွင့်မပြုဘဲ ကန့်သတ်ထားကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက် သန်းသန်းနု ကိုးကားတင်ပြသည်

ဟားခါးတွင် အအေးပို၊ လွိုင်လင်၊ နမ့်စန်နှင့် ပင်လောင်းတို့၌ အေးမြအေးဆဲ

ရန်ကုန် ဖေဖော်ဝါရီ ၂

ဖေဖော်ဝါရီ ၃ရက် **(ယနေ့)** ပြည်နယ်နှင့် တိုင်းများ၏ ရာသီဥတုအခြေအနေကို ခန့်မှန်းရပါက ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာဖွယ်ရာရှိပြီး ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေမည်ဖြစ်ပြီး ကျန်ဒေသများ၌ အများအားဖြင့် သာယာမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၃ရက် **(ယနေ့)** နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တို့တွင် သာယာမည်ဖြစ်သည်။

ရာသီဥတုအခြေအနေ

ဖေဖော်ဝါရီ ၂ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေကို ဖော်ပြရလျှင် ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။

ညအပူချိန်

ညအပူချိန်များမှာ ချင်းပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၈ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၌ ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၄ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့သည်။ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီ စင်တီဂရိတ် ပိုခဲ့ကာ ကျန်ဒေသများ၌ ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့် ညအပူချိန်

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် (-၂)ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့နှင့် နမ့်စန်မြို့တို့၌ ၁ဒီဂရီ စင်တီဂရိတ်နှင့် ပင်လောင်းမြို့တွင် ၃ဒီဂရီစင်တီဂရိတ် တို့ဖြစ်သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်၌ အများအားဖြင့် သာယာနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့် ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား - မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

သာယာလှပသည့် မင်္ဂလာကန်တော်နှင့် ကုံကော်အိမ်ရာ၏ မြင်ကွင်း ပသာဒမှာ ပန်းသင့်လှသည်။ (မြန်မာ့အလင်း)

● *ရှေ့ဖုံးမှ*

နေပြည်တော်ကို ခေတ်မီလှပသော မြို့တော်ကြီးအဖြစ် အကောင်အထည်ဖော် တည်ဆောက်ရာတွင် အဓိက အခန်းကဏ္ဍမှ အရေးပါလှသည့် လမ်းမကြီးများ အဆင့်မြင့် တည်ဆောက်ထားမှု အကြောင်း လေ့လာ၍ သတင်း ဆောင်းပါး ရေးသားလိုကြောင်း ကျွန်တော်က ပြောသည်။

လှည့်လည်ပြသ

ဤသို့ဖြင့် ညွှန်ကြားရေးမှူး ဦးကျော်မြင့်နှင့် တာဝန်ရှိသူများက သူ၏ အဖြူရောင် ကားလေးဖြင့် နေပြည်တော်တစ်ခွင် ဖွံ့ဖြိုးစည်ပင်လာပုံများကို လှည့်လည် ပြသပေးခဲ့သည်။

သတင်းအဖွဲ့ ဦးစွာ လေ့လာခွင့်ရရှိခဲ့သော နေရာမှာ သပြေကုန်းအဝိုင်းဖြစ်သည်။ အလွန်လှပခံ့ညားသော အဝိုင်းကြီးပေတည်း။ ဤအဝိုင်းကြီးသည် နေပြည်တော်-ပျဉ်းမနား-တောင်ညို လမ်းမကြီးနှင့် ရာဇသင်္ဂဟလမ်းမကြီးတို့ ပေါင်းဆုံရာ အဝိုင်းကြီး ဖြစ်သည်။ ယင်းအဝိုင်းကြီးကို ရုပ်လုံးဖော် ပန်းအလှပင်များ၊ မီးဆိုင်း၊ မီးပန်း၊ မီးတိုင်များဖြင့် အလှပဆုံး ခြယ်မှုန်းတည်ဆောက်ထားသည်။ ဤအဝိုင်းကြီး၏ ပတ်လည်တွင် မြက်ခင်းစိမ်းတောင်ပူစာများက ဝိုင်းရံထားခြင်းကြောင့် အမြင်တစ်မျိုး ထူးခြားနေပေသည်။ အဝိုင်းကြီး၏ အချင်းမှာ ပေ၂၀၀ ပတ်လည်ရှိကြောင်း သိရသည်။

ဖော်ဆောင်ပြသ

သတင်းအဖွဲ့သည် ဤအဝိုင်းကြီးမှ တောင်မြောက် သွယ်တန်း ဖောက်လုပ် တည်ဆောက်ထားသည့် ရာဇသင်္ဂဟလမ်းမကြီးအတိုင်း မြောက်ဘက်ရှိ မြို့သစ် တည်ဆောက်နေသော ဥတ္တရသီရိမြို့သစ်ဆီသို့ ဦးတည် ထွက်ခွာလာခဲ့၏။ ရာဇသင်္ဂဟလမ်းမကြီးမှာ အသွား လေးလမ်း၊ အပြန် လေးလမ်း၊ ရှစ်လမ်းသွား လမ်းမကြီးပင် ဖြစ်၏။ ယင်း အသွားလမ်းနှင့် အပြန်လမ်းအလယ်တွင် ကျူးဘားအုန်း၊ နွယ်သာကီ စသော ပန်းအလှပင်များ စိုက်ပျိုးထားသည့် အလယ်ကျွန်း ရှိသည်။ လမ်းမကြီး၏ ဘေးတစ်ဖက်တစ်ချက်စီတွင် ကြိုးပျောက်လျှပ်စစ်မီးတိုင်များ စိုက်ထူထားသည်မှာ ခေတ်မီမြို့ကြီးများရှိ လမ်းမကြီးများ အသွင်ကို ဖော်ဆောင်ပြသလျက်ရှိပေသည်။

ချောမွေ့ပြေပြစ်လှသည့်ကွန်ကရစ် လမ်းကျယ်ကြီးအတွင်း တဝေါဝေါ ပြေးနေသော ကားလေးပေါ်မှ စိမ်းရောင်စို တောတောင်ရှုခင်းများ ကြည့်ရှုရသည်မှာ စိတ်ကြည်နူးဖွယ် ကောင်းလှသည်။ များမကြာမီ ရာဇသင်္ဂဟ အဝိုင်းကြီးကိုလည်း လှပစွာ တွေ့ရသည်။ ဤအဝိုင်းကြီးသည် ရာဇဌာနီလမ်းနှင့် ရာဇသင်္ဂဟလမ်းမကြီးသို့ ပေါင်းဆုံရာ အဝိုင်းကြီးပင် ဖြစ်သည်။ ယင်းရာဇသင်္ဂဟအဝိုင်းမှ ရာဇဌာနီလမ်းကြီးကို ကွေ့တစ်ခါ၊ ဝိုက်တစ်လှည့်ဖြင့် ဖောက်လုပ် တည်ဆောက်ထားသည်မှာ ပန်းချီကားချပ်သဖွယ် အလှပဆုံး လှပနေသည်ကို တွေ့ရပြန်သည်။ ရာဇဌာနီလမ်းမကြီးပေါ်တွင် ဥပ္ပါတသန္တိစေတီတော်ကြီးကိုလည်း ဖူးတွေ့ရသည်။ ထိုရာဇဌာနီလမ်းမကြီးသည် နေပြည်တော်ပျဉ်းမနားကို ဖြတ်သန်းသွားသည့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးသို့ သွယ်တန်း ဖောက်လုပ်တည်ဆောက်ထားသော အဓိကလမ်းမကြီးပင် ဖြစ်သည်။ ရာဇဌာနီလမ်းမှာ ရာဇသင်္ဂဟ အဝိုင်းကို ပတ်၍ အနောက်ဘက်သို့ ထွက်ခွာလျှင် တစ်မူထူးခြားသည့် ကြာပန်းအဝိုင်းကြီးကို တွေ့ရမည်ဖြစ်သည်။

နေပြည်တော် ရာဇဌာနီလမ်းမကြီးကို ဤသို့ ပြန့်ပြူးညီညာစွာ တွေ့မြင်ရသည်။ (မြန်မာ့အလင်း)

ရှစ်လမ်းသွား

"ကျွန်တော်တို့ ဒီရာဇဌာနီလမ်းကြီးဟာ အခြားသော အဓိက လမ်းမကြီးများထက် လမ်းပိုကျယ်ပါတယ်၊ အသွားဘက် ၁၀လမ်းသွား၊ အပြန်ဘက် ၁၀လမ်းသွား စုစုပေါင်း လမ်း ၂၀သွား လမ်းမကြီးအဖြစ် ဖောက်လုပ် တည်ဆောက်နေပါတယ်၊ ယခု လောလောဆယ် အသွား လေးလမ်း၊ အပြန် လေးလမ်းသွားအဖြစ် ဖောက်လုပ် တည်ဆောက်ထားပြီး ဖြစ်ပါတယ်၊ နေပြည်တော်ရှိ အဓိက လမ်းမကြီးတိုင်း ရှစ်လမ်းသွား အဖြစ် ဖောက်လုပ်တည်ဆောက်ထားပါတယ်"ဟု ဦးကျော်မြင့်က ရှင်းပြသည်။

ကွန်ရက်သဖွယ်

နေပြည်တော်ရှိ လမ်းတိုင်းကို ကွန်ကရစ်လမ်းများချည်းသာ ခင်းထားသဖြင့် တစ်မူထူးခြားပြီး လှပသန့်ရှင်းနေသည်ကို တွေ့ရသည်။ ယခုအခါ နေပြည်တော် စီမံကိန်းနယ်မြေအတွင်း အရှည် ၇မိုင်ရှိ လမ်း၂၀ သွားလမ်း၊ ၁၀လမ်းသွားလမ်း၊ ရှစ်လမ်းသွားလမ်း၊ ခြောက်လမ်းသွားလမ်း၊ လေးလမ်းသွား လမ်းနှင့် နှစ်လမ်းသွားလမ်းများကို ကွန်ရက်သဖွယ် ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိသည်။ ယင်းလမ်းမကြီးများကို အထူးဖွံ့ဖြိုးရေး စီမံကိန်း၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် ဖောက်လုပ် တည်ဆောက်ပေးလျက်ရှိကြောင်း သိရသည်။ ထိုသို့ တည်ဆောက်ရာတွင် ပေ၁၈၀ အထက် သံကူကွန်ကရစ်တံတား ရှစ်စင်းလည်း ပါဝင်သည်ဟု သိရသည်။

ဥတ္တရသီရိမြို့

မိမိတို့ သတင်းအဖွဲ့သည် ရာဇသင်္ဂဟအဝိုင်းကြီးမှ ဥတ္တရသီရိမြို့ဆီသို့ ဆက်လက်ထွက်ခွာလာခဲ့သည်။ များမကြာမီ ဥတ္တရသီရိမြို့ကို တွေ့ရသည်။ နှစ်ထပ်၊ တစ်ထပ် ဆောက်လုပ်ပြီး ဆောက်လုပ်ဆဲ လုံးချင်းတိုက်အိမ်များကို အစီအရီ တွေ့ရသည်။ အချို့အိမ်များမှာ လူ စတင်နေထိုင်လျက်ရှိပြီ ဖြစ်သည်။ သစ်လွင်လှပနေသော တိုက်အိမ်များနှင့် ကွန်ကရစ်လမ်းသစ်များမှာ ပန်းသင့်လှသည်။ အချို့နေရာများတွင် လမ်းသစ်များ ဖောက်လုပ်၊ မြို့ကွက်များ ဖော်ထုတ်၊ မီးတိုင်များ စိုက်ထူ၊ ရေမြောင်းများ ဖောက်လုပ်ခြင်းများ ပြုလုပ်နေသည့် မြင်ကွင်းအဖုံဖုံ ရှုခင်းစုံကိုလည်း တွေ့ခဲ့ရသေးသည်။

ထိုဥတ္တရသီရိမြို့မှမြောက်ဘက်သို့ ဆက်လက်ထွက်ခွာခဲ့ရာသိုက်ချောင်း လမ်းမကြီးသို့ ရောက်သည်။ ဤသိုက်ချောင်းလမ်းမကြီးသည် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်ရှိ သိုက်ချောင်းစံပြကျေးရွာအနီး လမ်းဆုံအထိ ရှည်လျားစွာ တည်ရှိနေသည်။ ကျွန်တော်တို့ သတင်းအဖွဲ့သည် သိုက်ချောင်းလမ်းမှအပြန် မြို့ကွက် အမှတ်(၃)သို့ သွားရောက်လေ့လာခဲ့သည်။ ထိုမြို့ကွက် အမှတ်(၃) မြေနေရာတွင် တန်ဖိုးနည်း အိမ်များနှင့် မြို့ကွက်သစ်များ ဖော်ထုတ်လျက်ရှိသည်ကို တွေ့ရသည်။ ဤမြို့ကွက် အမှတ်(၃)သည် နေပြည်တော်ဝန်ထမ်းများအား မြေကွက်များ ချထားပေးမည့် နေရာဖြစ်ကြောင်း သိရသည်။ တောင်ကုန်းအမြင့်နေရာတွင် တည်ရှိနေသည့် ထိုမြို့ကွက် အမှတ်(၃)မှ နေပြည်တော် ဘူတာသစ်ကြီးကိုလည်း လှမ်းမြင်နေရသည်။ ဥတ္တရသီရိမြို့နှင့်လည်း အနီးဆုံးဖြစ်သည်။ ထိုမှတစ်ဖန် ဥတ္တရသီရိမြို့သို့ ပြန်ခဲ့ကြသည်။ ဤဥတ္တရသီရိမြို့အနီး ရာဇသင်္ဂဟလမ်းနှင့် ဇေယျဌာနီလမ်းတို့ ပေါင်းဆုံကြသည်။

ပိုမိုလှပ

သတင်းအဖွဲ့သည် ဇေယျဌာနီ လမ်းအတိုင်း အနောက်ဘက် ပဲခူးရိုးမ တောင်ကြောပေါ်ရှိ ဝန်ကြီးဌာနရုံးများဆီသို့ ဦးတည် ထွက်ခွာခဲ့ကြသည်။ ဤဇေယျဌာနီလမ်းမကြီး၏ အလယ်ကျွန်းတစ်လျှောက် စိုက်ပျိုးထားသော နွယ်သာကီ၊ ကျူးဘားအုန်း၊ အဖြူ အနီ စက္ကူပန်းပင်များကြောင့် ကွန်ကရစ်လမ်းသစ်လမ်းကျယ်ကြီးမှာ ပို၍ပင် လှပနေသည်။

ခေတ်မီမြို့သစ်

ထိုဇေယျဌာနီ လမ်းမကြီးသည် ဝန်ကြီးဌာနရုံးများနှင့် ဆက်သွယ်ထားသော လမ်းများနှင့် ကျောရိုးသဖွယ် ဖွဲ့စည်း တည်ရှိနေသည်။ ထိုမှ ဆက်လက်ထွက်ခွာခဲ့ရာ ဝန်ထမ်းများအတွက် ဆောက်လုပ်ပေးထားသည့် ခရေအိမ်ရာ၊ ပိတောက်အိမ်ရာ၊ ကုံကော်အိမ်ရာများကိုလည်း တွေ့ခဲ့ရသည်။ အဆောက်အအုံများမှာ လေးထပ်တိုက် အဆောက်အအုံများ ဖြစ်သည်။ မြို့မဈေး၏မြောက်ဘက်ရှိ ဇေယျာသိဒ္ဓိရပ်ကွက် တောင်ကြောပေါ်မှ ဘောဂသိဒ္ဓိရပ်ကွက်ရှိ ဝန်ထမ်းအိမ်ရာများကိုတွေ့ရသည်မှာ ခေတ်မီမြို့သစ်ကြီး မြင်ကွင်းပင် ဖြစ်၏။ လေဝင် လေထွက်ကောင်းစွာ စီမံတည်ဆောက်ထားသည့် နေအိမ်တိုက်တာများပင် ဖြစ်သည်။

ဟိုတယ်ဇုန်နှင့်လေဆိပ်

ထိုရပ်ကွက်မှ ထွက်ခွာခဲ့ရာ မူလစတင်ထွက်ခွာခဲ့သည့် သပြေကုန်းအဝိုင်းသို့ ပြန်ပတ်မိခဲ့သည်။ ဤသပြေကုန်းအဝိုင်းမှ ရာဇသင်္ဂဟ လမ်းမကြီးအတိုင်း တောင်ဘက်သို့ ဆက်လက်ထွက်ခွာခဲ့ရာ Shopping Complex သို့ ချိုးဝင်ခဲ့သည်။ ဤ Shopping Complex အတွင်း မဝင်ဘဲ တောင်ဘက်သို့ ဆက်လက်သွားလျှင် ဟိုတယ်ဇုန်နှင့် လေဆိပ်ကို တွေ့ရမည်ဖြစ်သည်။ ထို့ပြင် မြို့ကွက်ဖော် တည်ဆောက်နေသော ဒက္ခိဏသီရိမြို့ကိုလည်း တွေ့ရမည် ဖြစ်သည်။

နေပြည်တော် ဥတ္တရသီရိမြို့ကွက်သစ်ကြီးသို့ ဖြတ်သန်းဖောက်လုပ်ထားသည့် ဇေယျဌာနီလမ်းမကြီးကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

Shopping Complex အတွင်း မြန်မာ့စီးပွားရေးဘဏ်၊ မြဝတီဘဏ်၊ စည်ပင်ဘဏ်နှင့် သီရိရတနာ အဆင့်မြင့်ဈေးတို့ကို လှပခံ့ညားစွာ တွေ့ရလေသည်။ ထို Shopping Complex မှ ပျဉ်းမနား-တောင်ညို ကားလမ်းဆီသို့ပြန်ဆင်းခဲ့ရာ ရေကန်နှင့် လှပနေသော ကုံကော်အိမ်ရာ၊ ခုတင်(၁၀၀၀)ဆေးရုံကြီး၊ ပရဆေး ဥယျာဉ်နှင့် ဗဟိုစာတိုက်ကြီးကိုလည်း တွေ့ခဲ့ရသည်။

မျက်ဝါးထင်ထင်

ဤသို့ဆိုလျှင် အထူးဖွံ့ဖြိုးရေး စီမံကိန်းနှင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီတို့က ကြီးကြပ်အကောင်အထည်ဖော် ဆောင်ရွက်နေသော အဓိကလမ်းမကြီးများကို လေ့လာရင်း နေပြည်တော်ကြီး၏ ဖွံ့ဖြိုးမှုအဖုံဖုံ ရှုခင်းစုံကိုလည်း မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ရပြီ ဖြစ်သည်။

ခေတ်မီမြို့တော်

သို့ဖြစ်ပေရာ မဝေးတော့သည့် အနာဂတ်ကာလအတွင်း နိုင်ငံတကာ အဆင့်မီ ခေတ်မီမြို့တော်ကြီးအဖြစ် ပေါ်ထွန်းလာမည်မှာ ဧကန်မလွဲပင် ဖြစ်ပါတော့သည်။ ။

(မြန်မာ့အလင်း)

သန့်ရှင်းလှပသော ရာဇသင်္ဂဟ ရှစ်လမ်းသွား ကွန်ကရစ်လမ်းမကြီးကို ဤသို့တစ်မျှော်တစ်ခေါ် သပ်ရပ်လှပစွာ တွေ့ရသည်မှာ....။ (မြန်မာ့အလင်း)

သတိပြုဆင်ခြင်ဖွယ်ရာ နှလုံးရောဂါ

လူမျိုးမရွေး၊ ကျား၊ မမရွေး၊ အသက်အရွယ်မရွေး လူတိုင်း သက်တမ်းစေ့ နေနိုင်ရန်အတွက် ကျန်းမာသော နှလုံးသားရှိရမည် ဖြစ်သည်။ နှလုံးသည် လူတို့၏ခန္ဓာကိုယ်အတွက် အရေးအကြီးဆုံး အင်္ဂါအစိတ်အပိုင်းဖြစ်ပြီး မိခင်ဝမ်းမှ မကျွတ်မီကစ၍ စက္ကန့်မလပ်၊ မိနစ်မလပ်ရအောင် မရပ်မနားခုန်နေရပြီး သွေးများကို ညှစ်ထုတ်ပေးခြင်းဖြင့် တစ်ကိုယ်လုံးရှိ အင်္ဂါအစိတ်အပိုင်းများက လိုအပ်လျက်ရှိသည့် အောက်ဆီဂျင်နှင့် အာဟာရဓာတ်များကို ပို့ဆောင်ပေးသည်။ သို့မှသာ ယင်းကိုယ်အင်္ဂါအစိတ်အပိုင်းများသည် ပုံမှန်အလုပ်လုပ်နိုင်မည် ဖြစ်သည်။ နှလုံးခုန်ရပ်သွားသည်နှင့် အင်္ဂါအစိတ်အပိုင်းများအားလုံး လုပ်ငန်းရပ်ဆိုင်းသွားကာ သေဆုံးရမည်ဖြစ်သည်။

မည်သူမဆို အသက်မတိုချင်ကြဘဲ အသက်ရှည်ရှည် နေချင်ကြသည်။ အသက်ရှည်ရာ အနာမဲ့ကြောင်း နည်းလမ်းကောင်းများအနက် အသက်ရှည်ရှည် နေရစေနိုင်သော နည်းလမ်းတစ်ခုမှာ နှလုံးကျန်းမာရေးကို ထိန်းသိမ်းစောင့်ရှောက်ခြင်းပြု၍ နှလုံးရောဂါများကို မဖြစ်အောင် ကာကွယ်ခြင်းပင်ဖြစ်သည်။

လူတို့အသက်ကြီးလာသည်နှင့်အမျှ နှလုံးသည်လည်း ကြီးရင့်လာသည်။ ထို့ပြင် ကျန်းမာရေးနှင့်မညီညွတ်သော အနေအထိုင်များနှင့် နာတာရှည်ရောဂါများကြောင့်လည်း နှလုံးသည် အိုမင်းရင့်ရော်လာကာ ရောဂါများဖြစ်ပေါ်စေသည်။ ကမ္ဘာ့အန့် လေ့လာဆန်းစစ်ချက်များအရ နှလုံးသွေးကြောရောဂါ (အဓိကအားဖြင့် နှလုံးရောဂါနှင့် ဦးနှောက်သွေးကြောရောဂါ)သည် ကမ္ဘာ့နံပါတ်တစ် လူသတ်ကောင်ဖြစ်နေသည်။ နှစ်စဉ်လူပေါင်း ၁၇ ဒသမ ၅သန်း သေဆုံးလျက်ရှိသည်။ ကွယ်လွန်သူသုံးယောက်တွင် တစ်ယောက်မှာ နှလုံးသွေးကြောရောဂါဖြင့် သေဆုံးနေခြင်းပင်ဖြစ်သည်။ ယင်းသေဆုံးသူများ၏ ၈၀ ရာခိုင်နှုန်းမှာ ဝင်ငွေအလယ်အလတ်နှင့် ဝင်ငွေနည်းနိုင်ငံများမှဖြစ်ပြီး အများအားဖြင့် အလုပ်လုပ်အားကောင်းသော အသက်အရွယ်များ ဖြစ်သည်။

ကမ္ဘာ့နှလုံးရောဂါ စောင့်ရှောက်ရေးအဖွဲ့ကြီး၏ ဥက္ကဋ္ဌဖြစ်သူ ပါမောက္ခ Valemtim Fuster က "လူတိုင်းသည် မိမိတို့၏ရုပ်ရည်ကို အမြဲတစေ ငယ်ရွယ်နုပျိုနေရန် လိုလားကြသော်လည်း မိမိတို့နှလုံးသားကို အမြဲငယ်ရွယ်နုပျိုအောင် ထားဖို့မစဉ်းစားတတ်ကြဘဲ မေ့လျော့နေတတ်သည်။ အကယ်၍ မိမိတို့နှလုံးသားကို ငယ်ရွယ်နုပျိုစေရန် တတ်စွမ်းသမျှအားထုတ်ကြပါလျှင် နှစ်စဉ်နှလုံးရောဂါနှင့် ဦးနှောက်သွေးကြောရောဂါတို့ဖြင့် သေဆုံးသူများ ကျဆင်းလာသည်ကို တွေ့ရှိရပါမည်" ဟု သုံးသပ်ပြောကြားခဲ့သည်။

နှလုံးသားကို နုပျိုစေရန်အတွက် ရောဂါများကင်းစင်၍ ကျန်းမာစေသော နေထိုင်စားသောက်မှုပုံစံများကို ကျင့်သုံးလိုက်နာရမည် ဖြစ်၏။ နှလုံးရောဂါကို ဖြစ်စေသည့် အဓိကအကြောင်းရင်းများဖြစ်သည့် အာဟာရဓာတ်မမျှတသော အစားအသောက်များ စားသောက်ခြင်းနှင့် ဆေးလိပ်သောက်ခြင်းတို့ကို လျှော့ချထိန်းသိမ်းရမည်ဖြစ်ပြီး ကိုယ်လက်လှုပ်ရှားမှုကို ပြုလုပ်လေ့ကျင့်ပေးရမည်ဖြစ်သည်။ ထိုအခါ နှလုံးသားအိုမင်းရင့်ရော်မှုကို နှေးကွေးစေနိုင်ပြီး နှလုံးသွေးကြောရောဂါနှင့် လေဖြတ်ရောဂါများဖြစ်ခြင်း၊ နာမကျန်းဖြစ်မှုနှင့် အသက်ဆုံးရှုံးခြင်းတို့ကို ကာကွယ်နိုင်မည်ဖြစ်သည်။

နှလုံးကျန်းမာရေးနှင့်ညီညွတ်သော နေထိုင်မှုပုံစံကို ခြောက်ပတ်မျှ လိုက်နာကျင့်သုံးခြင်းဖြင့် အဓိကကျသော ကျန်းမာရေးအကျိုးကျေးဇူးများကို ရရှိစေနိုင်သည်။ လူနေမှုပုံစံကို အနည်းငယ်မျှ ပြောင်းလဲခြင်းဖြင့် ကြီးမားသော အကျိုးရလဒ်များကို ရရှိနိုင်ပြီး နှလုံးအိုမင်းရင့်ရော် ရောဂါရမှုကို နှေးကွေးစေနိုင်သည်။ လိုက်နာဆောင်ရွက်ရန်မှာ အရွယ်ရောက်ပြီးသူများသည် တစ်ရက်လျှင် မိနစ် ၃၀ခန့် လမ်းအမြန်လျှောက်ရမည်ဖြစ်ပြီး ဟင်းသီးဟင်းရွက်များများ ပါဝင်သည့် အာဟာရညီညွတ်မျှတသော အစားအစာကို စားသုံးရမည်ဖြစ်သည်။ ငယ်ရွယ်သူများအတွက်မူ တစ်ရက်လျှင် တစ်နာရီခန့် ကိုယ်လက်လှုပ်ရှားပေးရမည်ဖြစ်သည်။ အာဟာရစားသုံးမှုကိုမူ လူကြီးများကဲ့သို့ပင် မျှတအောင် စားသုံးရမည်ဖြစ်သည်။

ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာဆိုသည်မှာ ခန္ဓာကိုယ်အတွက် လိုအပ်သည့်အင်အား၊ အသားဓာတ်နှင့် ဗီတာမင်သက်စောင့်ဓာတ်များ ပြည့်စုံမျှတစွာပါဝင်ပြီး ခန္ဓာကိုယ်အား အန္တရာယ်ဖြစ်စေနိုင်သည့် အဆီနှင့်အငန်များ လွန်ကဲစွာမပါသော အစာများပင်ဖြစ်သည်။ ဟင်းသီးဟင်းရွက်များ၊ အစေ့အဆံဖြင့် ပြုလုပ်သော အစားအစာများ၊ အဆီမပါသော သား၊ ငါး၊ ပဲနှင့် ပဲတောင့်ရှည်များ၊ ပြည့်ဝဆီမပါဝင်သော နေကြာဆီ၊ ပြောင်းဆန်ဆီ၊ သံလွင်ဆီတို့နှင့် အသီးအနှံများကို ဆိုလိုခြင်းဖြစ်သည်။

ကျန်းမာရေးနှင့် ညီညွတ်သောအစားအစာဖြင့် လူတို့၏ကျန်းမာရေးကို သိသိသာသာ တိုးတက်စေနိုင်သည်။ အငန်လျှော့၍ ဟင်းသီးဟင်းရွက်များကို ရှစ်ပတ်မျှစားသောက်ရသည့် အစားအစာပုံစံဖြင့် အပေါ်သွေးပေါင်ချိန်ကို ၂ဒသမ ၈မီလီမီတာ မာကျူရီလျှော့ချနိုင်ပြီး အောက်သွေးပေါင်ချိန်ကို ၁ဒသမ၁မီလီမီတာ မာကျူရီလျှော့ချနိုင်ကြောင်း သုတေသနပြုတွေ့ရှိရသည်။ ထို့အတူပင် ဟင်းသီးဟင်းရွက်များကို အနည်းဆုံး တစ်နေ့လျှင် ၈၀ ဂရမ်နှုန်းဖြင့် ခြောက်လကြာ စားသုံးလျှင် အပေါ်သွေးပေါင်ချိန်ကို ၄မီလီမီတာ မာကျူရီ၊ အောက်သွေးပေါင်ချိန်ကို ၁ဒသမ၅ မီလီမီတာ မာကျူရီ လျှော့ကျစေနိုင်ကြောင်း အောက်စ်ဖို့ဒ် ဟင်းသီးဟင်းရွက်စားသောက်မှု လေ့လာရေးအုပ်စုက ဖော်ထုတ်ပြသနိုင်ခဲ့သည်။ ပဲတောင့်ရှည်သီးများကို တစ်ပတ်လျှင် လေးကြိမ်နှင့်အထက် စားသုံးသူများတွင် နှလုံးရောဂါနှင့် နှလုံးသွေးကြောရောဂါဖြစ်ပွားမှု သိသိသာသာနည်းပါးသည်ကို တွေ့ရှိရသည်။

ငန်လွန်း၊ ချိုလွန်းပြီး ပြည့်ဝဆီအများအပြားပါဝင်သော အစားအစာများသည် ကျန်းမာရေးနှင့် မညီညွတ်သော အစားအစာများဖြစ်သည်။ ယင်းအစားအစာများကြောင့် အဝလွန်ခြင်း၊ ကိုယ်အလေးချိန်များခြင်း၊ သွေးတိုးရောဂါဖြစ်ခြင်း၊ သွေးတွင်း အဆီဓာတ်များခြင်း၊ သွေးထဲတွင် ပုံမှန်ထက် သကြားဓာတ်ပိုများနေခြင်း စသည်တို့ကို မလွဲမသွေဖြစ်စေနိုင်သည်။ အစားအစာများကို မြင့်မားလွန်းသော အပူချိန်တွင် ချက်ပြုတ်ခြင်း၊ ကြော်လှော်ခြင်း၊ ကင်ခြင်းတို့မှ ထွက်ပေါ်လာသော အန္တရာယ်ဖြစ်စေ သည့်ဓာတ်ပစ္စည်းများသည် သွေးကြောနံရံများကို ရောင်ရမ်းမာကြောစေသည်။ သို့ဖြစ်ရာ အစားအစာများကို ရေဖြင့်ပြုတ်ခြင်း၊ ပေါင်းခြင်း၊ ဆီနည်းနည်းဖြင့် ရေလည်ဆီလည်ချက်ပြုတ်ခြင်းတို့ဖြင့် ချက်ပြုတ်စားသောက်ပါက သွေးကြောနံရံမာကြောခြင်းကို ကာကွယ်နိုင်သည်။

ကိုယ်အလေးချိန်တက်လာသည်နှင့်အမျှ (အထူးသဖြင့် ဗိုက်ရွဲလာလျှင်) သွေးပေါင်ချိန် တိုးမြင့်ခြင်း၊ သွေးတွင်း အဆီဓာတ်များလာခြင်း၊ သွေးချိုဓာတ် တက်လာခြင်းတို့ကို ဖြစ်စေနိုင်သည်။ ဤရောဂါလက္ခဏာစုသည် နှလုံးသွေး

တက္ကသိုလ်ညီညီသန့်

ကြောရောဂါ(နှလုံးရောဂါနှင့် လေဖြတ်ခြင်း)၏ ရှေ့ပြေးအခြေအနေပင်ဖြစ်သည်။သို့သော် ယင်းရောဂါလက္ခဏာစုကို မှန်ကန်စွာစားသောက်ခြင်း၊ လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ သွေးတိုးရောဂါနှင့်သွေးချို ဓာတ်များခြင်းတို့အတွက် သင့်တော်သောဆေးဝါးများ မှီဝဲခြင်းဖြင့် ပျောက်ကင်းအောင်ကုသနိုင်သဖြင့် စိတ်ပျက်အားငယ်ရန်မရှိပေ။

အဝလွန်ရောဂါနှင့် ကိုယ်အလေးချိန်များ၍ ဗိုက်ရွဲခြင်းသည်ကျန်းမာရေးကို အဓိကအန္တရာယ်ဖြစ်စေနိုင်သည်။ ယင်းတို့ကြောင့် သည်းခြေအိတ် ကျောက်တည်ခြင်း၊ သွေးချို ဆီးချို၊ သွေးတိုးရောဂါ၊ နှလုံးသွေးကြောနှင့် လေဖြတ်ခြင်းရောဂါတို့ကို ပိုမိုဖြစ်ပွားစေသည်။ အဝလွန်သူတစ်ဦးသည် ပုံမှန်ကိုယ်အလေးချိန်ရှိသူထက် သွေးတိုးရောဂါကို နှစ်ဆမှ ခြောက်ဆအထိ ပိုမိုဖြစ်စေပြီး သွေးတွင်းအဆီဓာတ်များခြင်းနှင့် အမှတ်(၂)အမျိုးအစား သွေးချိုဆီးချိုရောဂါဖြစ်ခြင်းတို့ကိုပါ ပိုမိုဖြစ်ပွားစေနိုင်သည်။ ငယ်ရွယ်စဉ်ကပင် ကိုယ်အလေးချိန်များသူသည် လူငယ်ဘဝတွင်ပင် နှလုံးအရွယ်ကြီးစေနိုင်သည်။ ထို့ကြောင့် နှလုံးရောဂါကာကွယ်ရာတွင် အဝလွန်ခြင်းကို အဓိကထား၍ ဦးတည်ကာကွယ်ရန် လိုအပ်ပေသည်။

မှန်ကန်သော အစားအသောက်ကို ရွေးချယ်စားသုံးခြင်း၊ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းပြုလုပ်ခြင်းတို့မှာ အဝလွန်ခြင်းနှင့် ကိုယ်အလေးချိန်များခြင်းတို့အတွက် အကောင်းဆုံးကုသနည်းပင်ဖြစ်သည်။ လိုအပ်မှသာ ဆေးဝါးဖြင့်ကုသခြင်း၊ ခွဲစိတ်ကုသခြင်းတို့ဖြင့် ကုသနိုင်သည်။ ကိုယ်အလေးချိန် အတန်အသင့်ကျစေခြင်းဖြင့် နှလုံးသွေးကြောရောဂါများကို ဖြစ်ပွားစေသည့် အချက်အလက်များဖြစ်သော သွေးပေါင်ချိန်များခြင်း၊ သွေးတွင်းအဆီဓာတ်နှင့် အချိုဓာတ်များခြင်း စသည်တို့ကို ထိန်းသိမ်းနိုင်သည်။

ပုံမှန်ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်းသည် ခန္ဓာကိုယ်တွင်းရှိ အဆီပိုများကို သုံးစွဲပစ်နိုင်စေရန် အားပေးသည်။ သွေးပေါင်ချိန်ကိုကျစေ၍ သွေးတွင်းရှိ အဆီဓာတ်နှင့် အချိုဓာတ်တို့ကို ပုံမှန်ဖြစ်စေနိုင်သည်။ စိတ်ဓာတ်ကျဆင်းမှု၊ စိတ်ဖိစီးမှုများကိုလျော့နည်းစေကာ သွေးတွင်းရှိ ကောင်းသောအဆီဓာတ် (HDL)ကို များပြားစေနိုင်သည်။ မကောင်းသော အဆီဓာတ်ကို လျော့ပါးစေပြီး သွေးကြောပိတ်ဆို့ရန် အခြေအနေများကိုပါ လျှော့ချနိုင်သည်။

ရက်သတ္တတစ်ပတ်လျှင် သုံးရက်မှ ငါးရက်၊ တစ်နေ့လျှင် နာရီဝက်၊ တစ်နာရီခန့်အထိ လမ်းအမြန်လျှောက်ခြင်းသည် လေဖြတ်ခြင်းကို၂၅ရာခိုင်နှုန်း၊ နှလုံးသွေးကြောရောဂါဖြစ်ပွားခြင်းကို ၄၀ ရာခိုင်နှုန်းအထိ လျော့နည်းစေသည်။ အသက် ၅၀ မှ ၇၀အရွယ် အားကစားသမားများ၏ နှလုံးသည် ကိုယ်လက်လှုပ်ရှားမှု နည်းပါးသူ အသက် ၂၀အရွယ် လူငယ်၏ နှလုံးကဲ့သို့ ကျန်းမာနုပျိုသန်စွမ်းသည်ကို တွေ့ရှိရသည်။

ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းပြုလုပ်ခြင်းသည် သွေးတွင်း၊ အဆီဓာတ်ကျစေနိုင်ခြင်း၊ အဆီဓာတ်ကို ကြွက်သားအဖြစ်သို့ ပြောင်းလဲစေနိုင်ပြီး ယင်းကြွက်သားများသည် အင်အားဓာတ်ကို ပိုမိုသုံးစွဲနိုင်သဖြင့် မကောင်းသော အဆီဓာတ်ဖြစ်သည့် (LDL)ကို လက်စထရောပမာဏကို လျှော့ချနိုင်သောကြောင့် နှလုံးသန်မာခြင်းကို အကျိုးသက်ရောက်စေသည်။

ကိုယ်လက်လှုပ်ရှားမှု နည်းသူတို့မှာ ပုံမှန်လေ့ကျင့်ခန်း ပြုလုပ်သူတို့ထက် နှလုံးရောဂါ၊ သွေးချိုဆီးချိုရောဂါတို့ကို နှစ်ဆပိုမိုဖြစ်ပွားစေသည်။ သွေးတိုး ရောဂါကို ၃၀ရာခိုင်နှုန်း ပိုမိုဖြစ်စေနိုင်သည်။ ထို့ကြောင့် ကိုယ်လက်လှုပ်ရှားမှု နည်းသူတို့သည် နှလုံးသွေးကြောရောဂါနှင့် ဦးနှောက်သွေးကြောရောဂါတို့ကြောင့် အသက်ဆုံးရှုံးရန် အခွင့်အလမ်းနှစ်ဆထိ မြင့်တက်လာစေနိုင်သည်။

ဆေးလိပ်သောက်ခြင်းသည် နှလုံးသွေးကြောရောဂါကြောင့် အသက်ဆုံးရှုံးမှုများကို ဖြစ်ပွားစေသည်။ နှလုံးသွေးကြောရောဂါကြောင့် သေဆုံးသူများ၏ ၂၀ရာခိုင်နှုန်းခန့်သည် ဆေးလိပ်သောက်ခြင်းကြောင့် သေဆုံးရခြင်းဖြစ်သည်။ ဆေးလိပ်သောက်ခြင်းဖြင့် သွေးတွင်းရှိကိုလက်စထရော အဆီဓာတ်ပမာဏကို များပြားစေပြီး အန္တရာယ်ပေးသော (LDL)အဆီဓာတ်ကို မြင့်မားစေကာ သွေးခဲခြင်းကို အားပေးသည်။ ထို့ကြောင့် သွေးကြောရုတ်တရက်ပိတ်ဆို့နိုင်သည်။ အသက်အန္တရာယ်ကို ဖြစ်စေနိုင်သည်။ သွေးချိုဆီးချိုသမားများသည် ဆေးလိပ်သောက်သုံးပါက ပိုမို၍အသက်တိုနိုင်သည်။ မည်သူမဆို ကျန်းမာလိုသူတိုင်းသည် ဆေးလိပ်သောက်သုံးခြင်းကို ရှောင်ကြဉ်သင့်သည်။ ဆေးလိပ်စွဲနေပါကလည်း အလျင်အမြန်ဖြတ်နိုင်အောင် ကြိုးစားသင့်သည်။

အသက်ရှည်ရှည် ကျန်းကျန်းမာမာ စိတ်ချမ်းမြေ့စွာနေထိုင်လိုသူများသည် အခြေခံအားဖြင့် မိမိ၏နှလုံးသား နုပျိုသန်စွမ်းမှုရှိအောင် အစဉ်သတိပြုစောင့်ရှောက်ကြရမည်ဖြစ်သည်။ ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများကို အာဟာရမျှတအောင်စားသုံးခြင်း၊ နေ့စဉ် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်း၊ အငန်နှင့်ပြည့်ဝဆီပါသော အဆီဓာတ်များကို ရှောင်ကြဉ်ခြင်း၊ အချိုဓာတ်ကို လျှော့စားခြင်း၊ ဆေးလိပ်မသောက်သုံးခြင်း၊ အရက်သေစာ သောက်စားမှုနည်းပါးစေခြင်း၊ ညဘက်တွင် အိပ်ရေးဝအောင်အိပ်ခြင်း၊ အချိန်မှန်စားသောက်တတ်သည့် အကျင့်ရှိစေခြင်းတို့ဖြင့် နှလုံးသားနုပျိုသန်စွမ်းမှုကို ပြုစုစောင့်ရှောက်သွားရမည်ဖြစ်သည်။

သို့မှသာ လူတိုင်းတွင် ကျရောက်လာနိုင်သော နှလုံးရောဂါ အမျိုးမျိုးနှင့် လေဖြတ်ခြင်းရောဂါတို့ကို ကြိုတင်ကာကွယ်နိုင်ကာ သက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ကြမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

အသက်ရှည်ရှည် ကျန်းကျန်းမာမာ စိတ်ချမ်းမြေ့စွာ နေထိုင်လိုသူများသည် အခြေခံအားဖြင့် မိမိ၏နှလုံးသား နုပျိုသန်စွမ်းမှုရှိအောင် အစဉ်သတိပြုစောင့်ရှောက်ကြရမည်။ ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများကို အာဟာရမျှတအောင်စားသုံးခြင်း၊ နေ့စဉ် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်း၊ အငန်နှင့် ပြည့်ဝဆီပါသော အဆီဓာတ်များကို ရှောင်ကြဉ်ခြင်း၊ အချိုဓာတ်ကို လျှော့စားခြင်း၊ ဆေးလိပ်မသောက်သုံးခြင်း၊ အရက်သေစာသောက်စားမှု နည်းပါးစေခြင်း၊ ညဘက်တွင် အိပ်ရေးဝအောင်အိပ်ခြင်း၊ အချိန်မှန် စားသောက်တတ်သည့် အကျင့်ရှိစေခြင်းတို့ဖြင့် နှလုံးသားနုပျိုသန်စွမ်းမှုကို ပြုစုစောင့်ရှောက်သွားရမည်။

အုတ်တွင်းမြို့နယ်၌ စပါးခွံလောင်စာသုံး မီးစက်ဖွင့် ကျေးရွာအိမ်ခြေ ၁၃၂ အိမ် လျှပ်စစ်မီးလင်းမည်

အုတ်တွင်း ဇန်နဝါရီ ၂၇

ပဲခူးတိုင်း အုတ်တွင်းမြို့နယ် အုန်းပင်ကျေးရွာအုပ်စု ဒိုးပင်သောင်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စပါးခွံလောင်စာသုံး မီးစက်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၂ရက် နံနက်ပိုင်းက ကျင်းပရာ အုတ်တွင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်နှင့် မီးစက်တည်ထောင်သူ ဦးအောင်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး ကြသည်။ (အပေါ်ပုံ)

အခမ်းအနားသို့ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ကျေးရွာပြည်သူများ စုံညီစွာ တက်ရောက်ကြသည်။

စပါးခွံလောင်စာသုံးမီးစက်

အဆိုပါ စပါးခွံလောင်စာသုံး မီးစက်မှာ မြင်းကောင်ရေ ၃၀၊ ကီလိုဝပ် ၂၀၊ ကုန်ကျငွေကျပ် ၅၇သိန်းဖြင့် ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခဲ့ပြီး ကျေးရွာရှိ အိမ်ခြေ ၁၃၂အိမ်ကို လျှပ်စစ်မီးပေးနိုင်မည် ဖြစ်ကြောင်း သိရသည်။

(၃၁၆)

ဝိုင်းမော်မြို့နယ်စည်ပင် မြို့ပတ်လမ်း ကတ္တရာခင်း

ဝိုင်းမော် ဇန်နဝါရီ ၂၅

ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် မြို့ပတ်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဖြစ်သော အမှတ်(၂)လမ်းကတ္တရာခင်းခြင်း (၂၉၁၀ x ၁၂)ပေ ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဇန်နဝါရီ ၃ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးဝင်း ကွင်းဆင်းစစ်ဆေးရာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို အမှုဆောင်အရာရှိ ဦးဌေးလွင်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းထွန်းဝင်းတို့က ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကြို့ပင်ကောက်မြို့ ကဝိမင်္ဂလာလမ်းကတ္တရာခင်းရန်အတွက် ဇန်နဝါရီ ၂၂ရက်က ကဝိမင်္ဂလာလမ်းနေ မိခင်ဒေါ်ပု၊ သား ဦးမြင့်ကြွယ် မိသားစုက အလှူငွေ ကျပ်သိန်း၂၀ကို ရပ်ကွက်ဥက္ကဋ္ဌ ဦးကံမြင့်နှင့် တာဝန်ရှိသူတို့ထံ ပေးအပ်လှူဒါန်းစဉ်။

(မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

ကျောင်းကုန်းမြို့နယ်၌ ကျေးရွာဥက္ကဋ္ဌဖလား (၁၅)နှစ်အောက် အမျိုးသားအလွတ်တန်းဘောလုံးပြိုင်

ကျောင်းကုန်း ဇန်နဝါရီ ၂၃

(၆၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား အသက်(၁၅)နှစ်အောက် အမျိုးသား အလွတ်တန်း ဘောလုံးပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲကို ဇန်နဝါရီ ၄ ရက် ညနေ ၃နာရီက ဇရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် လှည်းဆိပ်ကျေးရွာ အားကစားကွင်း၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဉာဏ်လှိုင်နှင့်အဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရွာသားများ၊ ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက် ကြသည်။

ဆက်လက်၍နောက်ဆုံး ဗိုလ်လုပွဲအဖြစ် မရမ်းချောင်ကျေးရွာဘောလုံးအသင်းနှင့် ကျောင်းကုန်းမြို့ ဘောလုံး အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မရမ်းချောင်ဘောလုံး အသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ထို့နောက် ဆုပေးပွဲကျင်းပရာ ပထမဆုဖလားရရှိသည့် အသင်းအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဉာဏ်လှိုင်က လည်းကောင်း၊ ဒုတိယဆုကို ကျေးရွာဥက္ကဋ္ဌ ဦးစိုးသိန်းက လည်းကောင်း၊ တတိယဆုနှင့် ကျန်ဆုများကို တာဝန်ရှိသူများကလည်းကောင်း ဆုပေးအပ် ချီးမြှင့်ကြကြောင်း သိရသည်။ *(အပေါ်ပုံ)* *(၁၅၄)*

တမူးခရိုင် ပြန်/ဆက် စာဖတ်ဝိုင်းဖွဲ့ဆွေးနွေး

တမူး ဇန်နဝါရီ ၂၆

တမူးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများသည် ဇန်နဝါရီ ၂၃ရက် မွန်းလွဲ ၂နာရီခွဲက ခရိုင်ရုံးစာကြည့်တိုက်ခန်းမ၌ စာဖတ်ဝိုင်း ကျင်းပသည်။

အဆိုပါ စာဖတ်ဝိုင်းတွင် တမူးခရိုင် ဦးစီးအရာရှိ ဦးမနားထန်းက စာဖတ်ဝိုင်း ကျင်းပရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ဇန်နဝါရီ ၂၂ရက်ထုတ် ကြေးမုံသတင်းစာပါ နှင်းဦးခင်၏ အဖေ ဝမ်းမြောက်ဂုဏ်ယူနိုင်ပါစေဆောင်းပါးကို အကြီးတန်းစာရေး ဒေါ်ခမ်ငိုက်မန်နှင့် ရုပ်သံကျွမ်းကျင်-၃ (စာကြည့်တိုက်တာဝန်ခံ) ဒေါ်မာမာဝင်းတို့က ဖတ်ကြားဆွေးနွေး ကြသည်။ **(ခရိုင် ပြန်/ဆက်)**

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း ဟုမ္မလင်းမြို့၌ဖွင့်

ဟုမ္မလင်း ဇန်နဝါရီ ၂၆

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဟုမ္မလင်းမြို့နယ် နွံ့ပတ်ကျေးရွာ ရှေ့သို့ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၌ ဇန်နဝါရီ ၂၁ရက် နံနက် ၈နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်က အမှာစကားပြောကြားပြီး ကျေးရွာဥက္ကဋ္ဌ ဦးသက်မောင်းက ကျေးဇူးတင်စကား ပြောကြားသည်။ အခမ်းအနားသို့ ကျေးရွာဥက္ကဋ္ဌ ဦးအိုက်စိန်နှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ စာကြည့်တိုက်ကော်မတီဝင်များနှင့် ကျေးရွာအုပ်စုအတွင်းရှိ လက်ထောက်စာကြည့်တိုက်မှူး ၂၀တို့ တက်ရောက်ကြပြီး သင်တန်းကာလ နှစ်ရက် ကြာမြင့်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သံတောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှတ်(၅)ရပ်ကွက် မြို့ပတ်လမ်း ကတ္တရာခင်းခြင်းဆောင်ရွက်နေမှုကို ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချို ဒီဇင်ဘာ ၁၇ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတာဝန်ခံ အင်ဂျင်နီယာက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် ပြန်/ဆက်)

ယာဉ်စည်းကမ်း လမ်းစည်းကမ်း ကြီးကြပ်ဆောင်ရွက်

မြစ်ကြီးနား ဇန်နဝါရီ ၂၅

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်အတွင်း ပြေးဆွဲလျက်ရှိသော အနေးယာဉ်များအား စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဦးစီးအရာရှိ ဦးဂျွန်စယ်၊ ဒုတိယဦးစီးမှူး (စည်းကမ်း)ဦးတင်ကိုကိုနှင့် အဖွဲ့ဝန်ထမ်းများသည် ဇန်နဝါရီ ၂ရက်က မြစ်ကြီးနားမြို့ပေါ်တွင် ပြေးဆွဲလျက်ရှိသော မြင်းလှည်း၊ လက်တွန်းလှည်း၊ ဆိုက်ကားများအား အနေးယာဉ် စည်းကမ်းချက်များနှင့်အညီ ရှိမရှိစစ်ဆေးခြင်း၊ မြို့ပေါ်လမ်းများတွင် ယာဉ်စည်းကမ်း အန္တရာယ်ကင်းရှင်းစွာ သွားလာမောင်းနှင်ရေးအတွက် ပညာပေး ဆွေးနွေးဆောင်ရွက်ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

တောင်သာ၌ အရဏ်ဦးစာကြည့်တိုက်ဖွင့် ရေဒီယိုနှင့် စာအုပ်စာစောင်များလှူဒါန်း

တောင်သာ ဇန်နဝါရီ ၂၆

တောင်သာမြို့နယ် ကျောက်ရင်းကျေးရွာ၌ ခိုင်မာသည့် အရဏ်ဦး စာကြည့်တိုက်ဖွင့်ပွဲနှင့် ရေဒီယို၊ စာအုပ်စာစောင်လှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၃ရက် ညနေ ၃နာရီက အဆိုပါစာကြည့်တိုက်၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းထွန်းက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ညွှန်ကြားရေးမှူး ဦးသန်းထွန်းက ရေဒီယို၊ စာအုပ်စာစောင်များ၊ ခရိုင် ဦးစီးအရာရှိ ဒေါ်မြဝင်းကြည်က သုတ ရသ စာအုပ်မျိုးစုံ၊ ကျောက်ရင်းကျေးရွာနေ ဒေါ်ခင်ခင်မာက စာအုပ်မျိုးစုံတို့ကို စာကြည့်တိုက် ဥက္ကဋ္ဌ ဦးတင်အုံးထံ ပေးအပ်လှူဒါန်းပြီး တက်ရောက်သူများက ပြသထားသော စာအုပ်စာစောင်များနှင့်နံရံကပ် စာစောင်များကို လေ့လာကြည့်ရှုကြသည်။ **(မြို့နယ် ပြန်/ဆက်)**



တောင်ကုတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် ရွာမ ကျေးရွာအုပ်စု ခမောင်းချိုင်ကျေးရွာ ကျေးလက် သောက်သုံးရေရရှိရေးအတွက် ရေတွင်းတူးဖော်ရန်အမှုဆောင်အရာရှိ ဦးလှဖော်ဇံ ကွင်းဆင်းကြည့်ရှုရာ ရပ်မိရပ်ဖများက သင့်တော်မည့်နေရာကို ပြသစဉ်။

(မြို့နယ်စည်ပင်)

နေပြည်တော် မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် နေပြည်တော် မြို့ ဈေး အရန်မီးသတ်တပ်ဖွဲ့နှင့် မီးသတ်ဦးစီး ဌာနတို့ ပူးပေါင်း၍ ဇာတ်တိုက် လေ့ကျင့်ခြင်းကို ဒီဇင်ဘာ ၃၁ရက်က နေပြည်တော် မြို့မဈေးရှေ့တွင် ဆောင်ရွက်ခဲ့ရာ နေပြည်တော် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်မိုးနှင့် မြို့နယ် မီးသတ်ဦးစီး အရာရှိ ဦးဝင်းကြည်တို့ ကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (၁၄၇)

အထူးကုဆရာဝန်ကြီးများ မိုင်းဆတ်၌ ကွင်းဆင်းကုသ

မိုင်းဆတ် ဇန်နဝါရီ ၂၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ်တွင် နယ်မြေခံတပ်နယ်မှုဗိုလ်မှူးကြီး သန်းထွန်းဦး ခေါင်းဆောင်၍ မိုင်းဆတ်မြို့ ရပ်မိရပ်ဖ ဦးရှီလော၊ မိုင်းဆတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးမြဦး၊ အဖွဲ့ဝင် ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးစိန်ဝင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ညွှန့်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မိုင်းဆတ်ပြည်သူ့ဆေးရုံမှ အထွေထွေရောဂါ အထူးကုဆရာဝန်ကြီး ဒေါက်တာကြည်ဇာလင်းတို့ လိုက်ပါလျက် ဇန်နဝါရီ ၆ရက်က မိုင်းဆတ်မြို့နယ် ဖန်ဖုကျေးရွာအုပ်စု မယ်နားနွဲ့၊ မယ်နားလုံ၊ နားပေါ်လုံ၊ နောင်လယ်နာလော၊ မုန်းကျက်စသော တောင်ပေါ်ကျေးရွာများရှိ တိုင်းရင်းသားများနှင့် တွေ့ဆုံ၍ စိုက်ပျိုးရေး အသိပညာပေးခြင်း၊ ပညာရေးနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောကြသည်။

အထူးကု ဆရာဝန်ကြီးများအဖွဲ့က တောင်ပေါ်ကျေးရွာတိုင်းရင်းသား ၃၀၀ ခန့်အား အခမဲ့ဆေးကုသပေးခဲ့သည်။ ထို့အပြင် မုန်းကျက်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင်တိုင်းရင်းသားများနှင့်တွေ့ဆုံပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကဖွင့်လှစ်ထားရှိသော ကျေးရွာစာကြည့်တိုက်သို့ စာအုပ်စာစောင်နှင့် သတင်းစာများ ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က လက်ခံယူခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

အထက(၁) မိုးကောင်း အာစရိယပူဇော်

မိုးကောင်း ဇန်နဝါရီ ၁၈

ကချင်ပြည်နယ် မိုးကောင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၁၀ရက် နံနက် ၁၀နာရီက အဆိုပါကျောင်း မဏ္ဍပ်သဘင်ခန်းမ၌ ကျင်းပရာ ကျောင်းသား ကျောင်းသူဟောင်းများက အပူဇော်ခံ ဆရာ ဆရာမတို့အား ရှိခိုးကန်တော့ကြပြီး အငြိမ်းစား အထက်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းဝင်းစန်းနှင့် အငြိမ်းစား အထက်တန်းပြ ဆရာမ ဒေါ်စန်းစန်းရည်တို့က သြဝါဒစကား ပြောကြားသည်။ **(၀၀၁)**

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်အတွက် ရတနာပစ္စည်းများနှင့် အထက်ဌာပနာတော်ပစ္စည်းများပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

နေပြည်တော်၌တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ငှက်မြတ်နားတော်တို့အား ဇန်နဝါရီလ ၁၉ရက်နေ့မှ ဖေဖော်ဝါရီလ ၂ရက်နေ့အထိ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်၌ ရင်ငွေ့လှုံကိန်းဝပ် ပူဇော်ခံပြီးဖြစ်ပါသည်။

အလားတူ ဖေဖော်ဝါရီလ ၄ရက်နေ့မှစတင်၍ မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၌ ရင်ငွေ့လှုံကိန်းဝပ် ပူဇော်ခံမည်ဖြစ်ပြီး ဖေဖော်ဝါရီလ ၁၈ရက်နေ့မှစတင်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ကုန်းတော်ရှိ ဓမ္မာရုံ၌ ကိန်းဝပ်ပူဇော်ခံမည်ဖြစ်ပါသည်။

ပူဇော်လှူဒါန်းလိုသူအလှူရှင်များသည် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ ရင်ငွေ့လှုံကိန်းဝပ်ပူဇော်ခံနေစဉ် ထည့်သွင်းပူဇော်လိုသော ရတနာပစ္စည်းများကို အဆိုပါနေရာဌာနရှိ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အဖွဲ့ဝင်များထံ ဆက်သွယ်၍ ပူဇော်လှူဒါန်းနိုင်ပါသည်။

နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်၌ အပူဇော်ခံထားရှိသည့်အချိန်တွင် ပန်းထိမ်အဖွဲ့များပါ တစ်ပါတည်းထားရှိပေးမည်ဖြစ်၍ ကိုယ်တိုင်ကိုယ်ကျ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တွင် ထည့်သွင်း ပူဇော်လိုသည့်ပစ္စည်းများအား လာရောက်ဆက်သွယ် လှူဒါန်းနိုင်ပါသည်။

၂၀၀၉ခုနှစ် မတ်လ၌ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ မြသပိတ် ရွှေကြာသကင်္န်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားများကို ကျင်းပသွားမည်ဖြစ်ရာ အထက်ဌာပနာတော်၌ ထည့်သွင်းပူဇော်လှူဒါန်းလိုသူ စေတနာရှင်၊ ရဟန်းရှင်လူ ပြည်သူများအနေဖြင့် ဌာပနာပစ္စည်းများ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ဖျာပုံ အချာလေးကျေးရွာ၌ မူလတန်းကျောင်းဆောင် လွှဲပြောင်းပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၂

ဧရာဝတီတိုင်း ဖျာပုံမြို့နယ် အချာလေးကျေးရွာရှိ အခြေခံပညာ မူလတန်းကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ၊ ကျောင်းဝတ်စုံနှင့် စာအုပ်၊ စာရေးကိရိယာ လှူဒါန်းပွဲကို ဇန်နဝါရီ ၃၀ရက်တွင် အဆိုပါကျောင်း၌ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်ဝင်းဦး၊ လက်ထောက် မြို့နယ်ပညာရေးမှူး ဦးတိုးဝင်းနှင့် ကျောင်းအလှူရှင် မြန်မာဖရစ်ဝါနာ စက်မှုလုပ်ငန်းမှ မစ္စတာဘီဂါတို့က ဖဲကြိုးဖြတ်၍ ကျောင်းဆောင်သစ်ကို ဖွင့်လှစ်ပေးကြသည်။ ထို့နောက် အလှူရှင်က ကျောင်းနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လက်ထောက် မြို့နယ်ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်ပြီး ကျောင်းသား ကျောင်းသူ ၁၀၄ဦးတို့အတွက် ငွေကျပ်သိန်း ၄၀တန်ဖိုးရှိ ကျောင်းဝတ်စုံများ၊ လွယ်အိတ်နှင့် စာရေးကိရိယာတို့ကို အလှူရှင်က လက်ထောက်ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်လှူဒါန်းသည်။

တာဝန်ယူဆောက်လုပ်

အဆိုပါ အချာလေးကျေးရွာ အခြေခံပညာမူလတန်းကျောင်းဆောင်သစ်သည် အလျားပေ ၁၁၀၊ အနံပေ ၃၀ရှိပြီး ကျောင်းဖြစ်မြောက်ရေးအတွက် မြန်မာ Net Work Activity Group (NAG), Gracious Myanmar Tour (GMT) နှင့် Myanmar Egress တို့၏ စည်းရုံးဆောင်ရွက်မှုဖြင့် ပြည့်ဖြိုးကျော် ကုမ္ပဏီက တာဝန်ယူဆောက်လုပ်ခဲ့ပြီး ငွေကျပ် သိန်း ၃၆၀ တန်ဖိုးရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝါးခယ်မ၌ ပိုလီယိုကာကွယ်ဆေး တိုက်ကျွေး

ဝါးခယ်မ ဖေဖော်ဝါရီ ၂

ဧရာဝတီတိုင်း ဝါးခယ်မမြို့နယ် ကျန်းမာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော အမျိုးသားကာကွယ်ဆေး တိုက်နေ့များ ၂၀၀၉ ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၀ ရက် နံနက် ၇နာရီက မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ရုံးရှေ့၌ ကျင်းပရာ ဒုတိယတိုင်းမှူး၊ ဗိုလ်မှူးချုပ် ခင်မောင်အေး၊ မြို့နယ်ဥက္ကဋ္ဌ ဦးလှမြင့်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ခင်သန်းဆွေနှင့်မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ဒေါ်မြင့်မြင့်ခိုင်နှင့် တာဝန်ရှိသူများက ငါးနှစ်အောက်ကလေးများအား ပိုလီယိုရောဂါကာကွယ်ဆေး တိုက်ကျွေးကြပြီး အမှတ်တရလက်ဆောင်များ ပေးအပ်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ကြည့်မြင်တိုင်မြို့နယ်အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၈/ ၂၀၀၉ ခုနှစ် ဘက်စုံပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၃၁ရက်က ကျောင်းခန်းမတွင်ကျင်းပရာ မြို့နယ်အဆင့် ဘက်စုံထူးချွန်ဆုပြိုင်ပွဲ စတုတ္ထတန်း၌ သင်္ချာထူးချွန် ပထမဆုရ မောင်မျိုးမြင့်မော်အား ကျောင်းအုပ်ဆရာကြီး ဦးစိန်ငွေးက ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(၁၂၃)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

လီဗာပူးတိုက်စစ်မှူး ရော်ဘီကိန်း အသင်းဟောင်းစပါးသို့ ပြန်လည်ပြောင်းရွှေ့မည်

လန်ဒန် ဖေဖော်ဝါရီ ၂

လီဗာပူးတိုက်စစ်မှူး ရော်ဘီကိန်းသည် ပရီမီယာလိဂ် အပြောင်းအရွှေ့ဈေးကွက်မပိတ်မီ နာရီပိုင်းအလို ယခုညတွင် လီဗာပူးမှထွက်ခွာပြီး ၄င်း၏ အသင်းဟောင်း စပါးအသင်းသို့ပြန်လည်ပြောင်းရွှေ့မည်ဟု သတင်း၌ဖော်ပြသည်။

အင်္ဂလန်မှလာသော သတင်းများအရ လီဗာပူးအသင်းသည် စပါးက ကိန်းအား ပေါင်၁၅သန်းဖြင့် ကမ်းလှမ်းမှုကို လက်ခံရရှိခဲ့ကြောင်း၊ ယနေ့ညတွင် ကိန်းသည် စပါးနှင့် စာချုပ်ချုပ်ဆိုဖွယ်ရှိကြောင်း သိရသည်။

ခြောက်လ

အိုင်ယာလန်လက်ရွေးစင် ကိန်းသည် စပါးမှ လီဗာပူးသို့ စာချုပ်အရ အမြတ်ငွေ ပေါင် ၁၂သန်း အပါအဝင် ပေါင် ၄၇သန်းခန့်ဖြင့် ပြောင်းရွှေ့ခဲ့ပြီးနောက် လန်ဒန်သို့ ပြန်ရောက်သည်မှာ ခြောက်လမျှသာ ရှိသေးသည်ဟုဆိုသည်။ ကိန်းသည် လီဗာပူးက ချယ်လ်ဆီးကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသောပွဲစဉ်တွင် ပါဝင်ဆင်နွှဲခွင့်မရဘဲ ယင်းပွဲစဉ်တွင် ခြေစွမ်းပြကာ နှစ်ဂိုးစလုံး သွင်းယူခဲ့သော တောရက်စ်ကိုသာ ပွဲကြည့်စင်မှ ကြည့်နေခဲ့ရသည်။

ပြောင်းရွှေ့

ကိန်းသည် ပြီးခဲ့သည့်နှစ် ဇူလိုင်လက စပါးအသင်းမှ ပြောင်းရွှေ့ကြေး ပေါင် ၂၀ဒသမ ၃သန်းဖြင့် လီဗာပူးသို့ ပြောင်းရွှေ့ခဲ့သည်။ သို့သော်လည်း သူသည် ဘင်နီတက်ဇ်၏ ပထမပွဲထွက် လူစာရင်းတွင် ပါဝင်နိုင်ရန် ရုန်းကန်နေရပြီး ၁၉ပွဲ ပါဝင်ကစားရာတွင် ငါးဂိုးသာ သွင်းယူနိုင်ခဲ့သည်။

(အင်တာနက်)

၂၀၁၈ ကမ္ဘာ့ဖလား အိမ်ရှင်အဖြစ် ကျင်းပခွင့်ရရေး အင်္ဂလန်နှင့် ဩစတြေးလျတို့ ယှဉ်ပြိုင်ရမည်

လန်ဒန် ဖေဖော်ဝါရီ ၂

၂၀၁၈ကမ္ဘာ့ဖလား အိမ်ရှင်အဖြစ် ကျင်းပခွင့်ရရေးအတွက် အင်္ဂလန်နိုင်ငံသည် ဩစတြေးလျနိုင်ငံနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

၂၀၁၈ ခုနှစ်နှင့် ၂၀၂၂ခုနှစ်က ကမ္ဘာ့ဖလားပြိုင်ပွဲ တစ်ခုခုကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့် ရရေးအတွက် သုံးစွဲရန် ဩစတြေးလျ ဘောလုံးအဖွဲ့ချုပ် (အက်ဖ်အက်ဖ်အေ)အနေဖြင့် အစိုးရထံ ရန်ပုံငွေ ပေါင် ၁၉ဒသမ ၃သန်း ကတိပြုတောင်းခံထားပြီး ဖြစ်ကြောင်းသိရသည်။

ထုတ်ဖော်ပြောကြား

မိမိတို့၌ အောင်မြင်သော ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲ လက်ခံကျင်းပနိုင်သည့် အစွမ်း၊ အတွေ့အကြုံနှင့် ကျွမ်းကျင်မှုများရှိသည်ကို မိမိတို့သိကြောင်း အက်ဖ်အက်ဖ်အေဥက္ကဋ္ဌ ဖရန့်ခ်လိုဝီက ထုတ်ဖော်ပြောကြားခဲ့သည်။

ယင်းကျင်းပခွင့်ကို ကမ်းလှမ်းမှုပြုရန် နောက်ဆုံး သတ်မှတ်ရက်မှာ ဖေဖော်ဝါရီ ၂ရက်ဖြစ်ပြီး ကျင်းပခွင့်ရသော နိုင်ငံများကို ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာလ၌ ကြေညာမည် ဖြစ်သည်။ ၂၀၁၈ကမ္ဘာ့ဖလားကို အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရန်အတွက် ဂျပန်၊ ကာတာ၊ မက္ကဆီကို၊ ရုရှားနှင့် အင်ဒိုနီးရှားတို့က စာရင်းတင်သွင်း ကမ်းလှမ်းထားခဲ့ကြသည်။ ၂၀၁၈ခုနှစ်နှင့် ၂၀၂၂ခုနှစ် ကမ္ဘာ့ဖလား ကျင်းပခွင့်ရရှိရေး ကမ်းလှမ်းအဆိုတင်သွင်းမှုများကို တစ်ပြိုင်တည်း ဆုံးဖြတ်မည်ဖြစ်ကြောင်း ၂၀၀၈ခုနှစ် ဒီဇင်ဘာလတွင် ဖီဖာကကြေညာခဲ့သည်။

အင်တာနက်

ဩစတြေးလျအိုးပင်းဖလား ရာဖေးလ်နာဒယ် ဆွတ်ခူး

လန်ဒန် ဖေဖော်ဝါရီ ၂

ဩစတြေးလျအိုးပင်း တင်းနစ်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ပြိုင်ဘက် ရော်ဂျာဖက်ဒရာအား အနိုင်ရရှိပြီးနောက် ဆုဖလားဆွတ်ခူးခဲ့သူ ရာဖေးလ်နာဒယ်က မြေမာတွင် ပထမဦးဆုံးဆွတ်ခူးသော ဂရင်းဆလမ်းဖလားဖြစ်ပြီး ၄င်းအတွက် အထူးကျေနပ်ပီတိ ဖြစ်မိကြောင်းပြောကြားခဲ့သည်။

စပိန်တင်းနစ် အကျော်အမော် ရာဖေးလ်နာဒယ်သည် အကြိတ်အနယ်ဗိုလ်လုပွဲကြီးတွင် ၃-၆၊ ၇-၆(၇-၃)၊၃-၆၊၆-၂ ဖြင့် အနိုင်ရရှိခဲ့မှုကြောင့် ဩစတြေးလျအိုးပင်းဆုဖလားလေးကြိမ်၊ ပြင်သစ်အိုးပင်း တစ်ကြိမ်နှင့် ဝင်ဘယ်ဒန်ဆုဖလား တစ်ကြိမ် စုစုပေါင်း ဂရင်းဆလမ်းဆုဖလား ခြောက်ကြိမ် ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။ ယခုဆွတ်ခူးနိုင်ခဲ့ခြင်းသည် မြေမာကွင်း၌ ရရှိသော ဆုဖလားဖြစ်၍ အိပ်မက်ပမာ ဖြစ်ကြောင်း၊ ရှုံးစေမြေ၌တင်းနစ်ပြိုင်ပွဲ အနိုင်ရရန် ၄င်း၏ဘဝတွင် ပြင်းပြင်းထန်ထန် ကြိုးစားခဲ့ရကြောင်း အသက်၂၂နှစ်ရှိ ကမ္ဘာ့အဆင့်(၁) တင်းနစ်သမားနာဒယ်က ပြောကြားခဲ့သည်။

အင်တာနက်

ချစ်စိုးနိုင် စုစည်းသည်

ချယ်လ်ဆီး၊ မန်စီးတီးနှင့် ရော်ဘင်ဟို

လန်ဒန် ဖေဖော်ဝါရီ ၂

ပရီမီယာလိဂ်ရဲ့ ဇန်နဝါရီ အပြောင်းအရွှေ့ဈေးကွက်အပိတ် နောက်ဆုံးအချိန်ကတော့ ဖေဖော်ဝါရီ ၂ရက် ဒေသစံတော်ချိန် ညနေ ၅နာရီမှာ ကုန်ဆုံးသွားခဲ့ပြီ ဖြစ်ပါတယ်။

မန်စီးတီးအသင်း၌ ဂိုးအများဆုံးသွင်းထားသူ တိုက်စစ်မှူး ရော်ဘင်ဟို။

စောင့်ဆိုင်း

အပြောင်းအရွှေ့ ကာလအတွင်းမှာ ချယ်လ်ဆီးနဲ့ မန်စီးတီးတို့ ကြိတ်ပြီးစီစဉ်ခဲ့တဲ့ ဘောလုံးသမား အလဲအလှယ်ပြုလုပ်မှုလည်း အဆုံးမသတ်နိုင်ခဲ့လို့ အခုအချိန်မှာတော့ လာမယ့်နွေရာသီအထိ စောင့်ဆိုင်းရမလိုဖြစ်နေပါတယ်။

ဆွေးနွေး

အဲဒါကတော့ မန်စီးတီးတိုက်စစ်မှူး ရော်ဘင်ဟိုကို ချယ်လ်ဆီးက ပြောင်းရွှေ့ကြေး ပေါင်သန်း ၂၀ အထိပေးပြီး ခေါ်ယူဖို့ စကားကမ်းလှမ်း ဆွေးနွေးမှုတွေ အကြိမ်ကြိမ်ပြုလုပ်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။

အလိုက်ပေး

ချယ်လ်ဆီးအသင်းဟာ ရော်ဘင်ဟိုကို ခေါ်ယူဖို့အတွက် ပေါင်သန်း ၂၀အပြင် တိုက်စစ်မှူး ဒရော့ဘာနဲ့ နောက်တန်းခံစစ်မှူး အဲလက်ဇ်တို့ကို အလိုက်ပေးမယ်လို့ ပြောကြားခဲ့ပါတယ်။ အဲဒီသတင်းဟာ ပရီမီယာလိဂ် ဘောလုံးလောကမှာတော့ နည်းနည်းပွဲဆူသွားစေခဲ့တာတော့ အမှန်ပါပဲ။

ရော်ဘင်ဟိုရဲ့ခြေစွမ်းက ဒရော့ဘာထက် မယှဉ်သာအောင် ကောင်းနေတာကို ချယ်လ်ဆီးနည်းပြ အပါအဝင် တာဝန်ရှိသူတွေကိုယ်တိုင် ထုတ်ဖော်ပြောကြားလိုက်သလို ဖြစ်ခဲ့ပါတယ်။

အလိုက်ပေး

ဒရော့ဘာ အနေနဲ့ကလည်း အနယ်လ်ကာရောက်လာပြီး နောက်ပိုင်း ပုံမှန်ပွဲထွက်ခွင့်မရဘဲ အရန်တိုက်စစ်မှူးတစ်ဦးလို အချိန်ပိုင်းသာ ဝင်ရောက်ကစားရတဲ့ အနေအထား ရောက်ရှိနေတာမို့ အသင်းက ထွက်ခွာဖို့ ပြင်ဆင်နေချိန်ပါပဲ။ ဒါပေမယ့် ဒီလိုအလိုက်ပေးခံရတဲ့ တိုက်စစ်မှူးတစ်ဦး အဆင့်ကတော့ သည်းမခံနိုင်စရာကောင်းတာမို့ ဒရော့ဘာ ဒေါသပေါက်ကွဲနေတယ်လို့ ဆိုပါတယ်။

အလိုမရှိ

ဒါပေမယ့် အသင်းပိုင်ရှင်တွေက ဝယ်ယူပြီး လစာပေး ကစားခိုင်းထားတဲ့ သူတွေမို့ သူတို့ အလိုမရှိတော့တဲ့အချိန်မှာတော့ ရောင်းထုတ်ခံရမှာ၊ အခုလို ပြောင်းရွှေ့ခံရမှာတော့ သေချာတဲ့ အဖြစ်ပါပဲ။

ကြိုက်နှစ်သက်

မန်စီးတီးတိုက်စစ်မှူး ရော်ဘင်ဟိုကို ချယ်လ်ဆီးပိုင်ရှင် အီဗရာမိုဗစ်ရော၊ နည်းပြ စကိုလာရီပါ ကြိုက်နှစ်သက်နေတာမို့ လာမယ့်နွေရာသီမှာ ရအောင်ခေါ်ယူဖို့ ကြိုးစားနေကြပြီ ဖြစ်ပါတယ်။ ရော်ဘင်ဟိုဟာ ဒီနှစ်ပရီမီယာလိဂ်မှာ မန်စီးတီး အတွက် ၁၁ ဂိုးသွင်းပေးထားနိုင်ခဲ့ပြီး ခြေစွမ်းလည်း ပြနိုင်တဲ့သူ ဖြစ်ပါတယ်။

စောင့်ကြည့်

ဒီလို ခြေစွမ်းပြနေပေမယ့် ထူးဆန်းတာက မန်စီးတီးပိုင်ရှင် အာရပ်စော်ဘွားတွေက အသင်းကနေပြီး ရော်ဘင်ဟို ဆန္ဒရှိရင် ပြောင်းရွှေ့နိုင်တယ်လို့ ပြောလိုက်တာပါပဲ။ ရော်ဘင်ဟိုကတော့ မန်စီးတီးကို ဆုဖလားရယူ ပေးလိုတဲ့ဆန္ဒ ရှိနေပေမယ့် သူရဲ့အနာဂတ်ကလည်း ရှိနေတာမို့ ဘယ်အသင်းကို ပြောင်းရွှေ့သွားမလဲ ဆိုတာ စောင့်ကြည့်ရတော့မှာပဲ ဖြစ်ပါတယ်။ ။

ကိုးကား-အင်တာနက်

မောင်မောင်မြင့်ဆွေ ရေးသား၍ ❖ ဘိုဘိုမင်း စာမျက်နှာဖွဲ့စည်းသည်

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဗိုလ်မှူးကြီး မြင့်ရွှေ (ငြိမ်း) (ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့စက်မှုသီးနှံ ဖွံ့ဖြိုးရေးလုပ်ငန်း)-ဒေါ်တင်တင်လှိုင်တို့၏ သားငယ်

မောင်ဇေယျာမြင့်ရွှေ

B.Sc (Hons) Computing and Information System, Software Consultant

Cyberquote Pte. Ltd., Singapore

နှင့်

ရန်ကုန်မြို့နေ ဦးအောင်ဆွေ (MD, Day Co., Ltd.)-ဒေါ်ခင်သန်းလှ တို့၏ တစ်ဦးတည်းသော သမီး

မမေသီရိဆွေ

B.Sc (Hons) Computing and Information System

1st year, IT Master Degree (Informatic Singapore)

တို့၏ ၁-၂-၂၀၀၉ရက် (တနင်္ဂနွေနေ့) Sedona Hotel ၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းချီးမြှင့်ပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ မင်္ဂလာလက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးနှင့် ဇနီး ဒေါ်နီနီဝင်းတို့အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြပါသော နှစ်ဖက်သောမိဘဆွေမျိုးမိတ်သင်္ဂဟများနှင့် ဂုဏ်သရေရှိလူကြီးများအားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက်မချီးမြှင့်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ကြပါသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၂၉-၁-၂၀၀၉ ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပေးသော တရားသူကြီး ဒေါ်နန်းစန္ဒာစန်းအား လည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မခိုင်ခင်ဖြူ မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးသော သမီးငယ် ခင်ချမ်းမြေ့ညို၊ မင်္ဂလာဗန်းကိုင်ဆောင်သော ဒေါက်တာမိုးမမဝသန်၊ သတို့သားအရံများအဖြစ် ဆောင်ရွက်ပေးသော ဒေါက်တာကျော်ကျော်နှင့် မောင်ဟိန်းလတ်၊ သတို့သမီးအရံများအဖြစ် ဆောင်ရွက်ပေးသော ဒေါက်တာ သိင်္ဂီထွေးနှင့် မမေသဥ္ဇာထွဋ်၊ မင်္ဂလာဝတ်စုံ ကိုမြင့်စိုး (ဗိုလ်ချုပ်ဈေး)နှင့် ကိုင်ရိုအပ်ချုပ်ဆိုင်၊ မိတ်ကပ် စိုးစိုး၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးသော စန္ဒရားသိန်းမြင့်သန်းနှင့်အဖွဲ့၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးပါသော ဒေါ်ဟေမာနေဝင်း၊ မင်္ဂလာအခမ်းအနား ပန်းအလှဆင်ပေးပါသော မမိုးမိုးဇာ (White Rose)၊ ဓာတ်ပုံဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးသော စိုင်းဘုန်းထူး တို့အားလည်းကောင်း၊ Sedona Hotel မန်နေဂျာနှင့်တကွ ဝန်ထမ်းအားလုံးတို့အား လည်းကောင်း၊ မင်္ဂလာညှော်ခံပွဲတွင် ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့်ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သော မိဘများနှင့်
မောင်ဇေယျာမြင့်ရွှေ-မမေသီရိဆွေ

သူငယ်ချင်းတို့ရေ !
ဆီဒိုးနားဟိုတယ်ရှေ့က
အဆိုတော် ဖိုးသား ရဲ့
ကြော်ငြာ ဒီဇိုင်းက
မိုက်တယ်နော်
အချိန်ရရင် သွားကြည့်လိုက်ပါလား !

မြန်မာနယူးစ်ဝိခ်ဂျာနယ်ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂

"အကယ်ဒမီရမယ်လို့သူများတွေပြောနေကြတော့ ပိုပြီးရင်ခုန်နေရပြီလို့ဆိုလာသူ ခိုင်သင်းကြည်၏" ၏ သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ်အတွဲ(၂)၊ အမှတ်စဉ် (၆၃)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။ ယနေ့ဖြန့်ချိလိုက်သည့် မြန်မာနယူးစ်ဝိခ်ဂျာနယ်တွင် နာမည်ကြီး မြရိပ်ညိုဟိုတယ်အပါအဝင်လုံးချင်းအိမ်ရာများ တင်ဒါစနစ်ဖြင့်ရောင်းပြီ၊ ကွန်တိန်နာအတွင်းသို့ဝှက်တင်ဆောင်လာသည့် ဘိန်းဖြူများဖမ်းဆီးရမိ၊ တောင်ကိုရီးယားမှ မြန်မာ့ဓာတ်သတ္တုရှာဖွေရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမည်၊ မြန်မာ့ရုပ်သေးအဖွဲ့ ဂျပန်တွင်တင်ဆက်မည်၊ Golden Swan Building အဆောက်အအုံအား အကြွေးပေးရန် ကျန်ရှိသည့်အတွက် မြို့တော်စည်ပင်မှသိမ်းမည်၊ အကျိုးဆောင်အဖွဲ့နှင့် အိမ်ပွဲစားအချို့ အိမ်ခြံမြေဈေးကွက်လှုပ်ရန်အတွက် ပိုင်ရှင်ထံ တစ်ဆင့်ဆက်သွယ်ပြီး စုံစမ်းဟန်ဆောင်မှုများပြုလုပ်လျက်ရှိ၊ တရုတ်ဝယ်လက်နှင့် ယှဉ်ပြိုင်မယ့် အိန္ဒိယပဲရဆေးကုန်သည်၊ တရုတ်နှင့်စင်ကာပူတို့မှ မြန်မာ့ရော်ဘာကို အများဆုံးဝယ်ယူနေ၊ JICA မှ လယ်ယာမြေမရှိသောသူများအား ဆိတ်၊ သိုးနှင့်ဝက် မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ရန် စီမံကိန်းများချမှတ်လျက်ရှိ၊ ကြက်ဆူနှင့်ရေမှော်တို့မှထုတ်လုပ်သည့် ဇီဝလောင်စာ ရောစပ်လောင်စာဖြင့် ဂျပန်ခရီးသည်တင်လေယာဉ်စမ်းသပ်၊ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာဂမ်ဘာရီလာရောက်ခဲ့၊ ဥရောပသမဂ္ဂမှ ရေထွက်ပစ္စည်းပို့ကုန် အရည်အသွေးတိုးမြှင့်ရေးအတွက်ကူညီမည်၊ နွား၊ ဝက်၊ ဆိတ်၊ ကြက် တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရရှိနိုင်၊ Yangon Expo ၂၀၀၉ကုန်စည်ပြပွဲစည်ကားသိုက်မြိုက်စွာကျင်းပမည်၊ ဒေါက်တာဦးမြင့်ဦး (ဂျီပီ)၏ သူတို့ပြောကြတဲ့အအေးလှိုင်း ဖြတ်ခဲ့သည်ရှိသော်၊ မောင်တောလေလံဈေးကွက်ဖြစ်လာရန် စီစဉ်ဆောင်ရွက်နေ၊ ငွေဆောင်ကမ်းခြေ၌ မော်တော်ဆိုင်ကယ်စီးနင်း၍ရတော့မည်မဟုတ်၊ အစ္စရေးတို့နှင့် စစ်ပွဲအချိန်မရွေးဖြစ်နိုင်ကြောင်း ဟစ်ဇ်ဘိုလာတို့ပြောကြား၊ အမေရိကန်ပြည်ထောင်စုတွင် စီးပွားပျက်လျက်ရှိစဉ် တရုတ်နိုင်ငံက စစ်အင်အားပြသရန်ရှိစသည့် နောက်ဆုံးရ ပြည်တွင်းပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည့် မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ်အင်္ဂါနေ့တိုင်း ထုတ်ဝေဖြန့်ချိလျက်ရှိသည်ဟုသိရသည်။

(သတင်းစဉ်)

လက်ပံတန်းမြို့နယ်အသင်း(ရန်ကုန်) စာပေဟောပြောပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်ရှိ လက်ပံတန်းမြို့နယ်အသင်း(ရန်ကုန်)က ဦးစီး၍ မိမိဇာတိမြေဒေသရှိဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူလေးများ စာပေဗဟုသုတအသိပညာတိုးပွားရရှိစေရန် ရည်ရွယ်လျက် ကျေးရွာစာကြည့်တိုက်များသို့ ဂျာနယ်၊ စာစောင်နှင့် လက်ပံတန်းမြို့နယ်အသင်း၏ နှစ်(၅၀)ပြည့် ရွှေရတုမဂ္ဂဇင်းများ လှူဒါန်းခြင်းကို ဇန်နဝါရီ ၂၇ရက်မှ ၃၀ရက်အထိ ပဲခူးတိုင်း (အနောက်ပိုင်း) သာယာဝတီခရိုင် လက်ပံတန်းမြို့နယ်အတွင်းရှိ ခမုံဆိပ်ကျေးရွာ အထက-၁၊ ရွှေတောင်ကျောင်းသာသနာ့ ဗိမာန်၊ သရက်ချောင်းကျေးရွာ အထကနှင့် မန်ကျည်းကွင်းကျေးရွာ အထကကျောင်းခွဲများတွင် စာပေဟောပြောပွဲများကျင်းပရာ စာရေးဆရာ မြစ်မခ ဦးထိန်ဝင်း၊ အောင်စည်ဟိန်း၊ သာရဝေါစိုးကြည်၊ ဆရာကြီး ဦးထွန်းကြည်၊ မောင်မောင်လှိုင် (အပ်စိုက်ကု)နှင့် စာရေးဆရာမ ဒေါ်ယမုံ သက်လယ်တို့က ဟောပြောကြပြီး အကော်ဒီယံအုန်းကျော်နှင့် စောင်း ဦးစန်းကြည်တို့ကလည်း တီးခတ်သီဆိုဖျော်ဖြေကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် လက်ပံတန်းမြို့နယ်အသင်း (ရန်ကုန်) ဒုတိယဥက္ကဋ္ဌ(၁) ဦးစိုးလှိုင်က လက်ပံတန်းမြို့ အထက(၁) ကျောင်းအုပ်ဆရာကြီး ဦးသောင်းဌေးအား ကျောင်းသောက်ရေသန့်အတွက် ငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းသည်။

(မြန်မာ့အလင်း)

ဖေဖော်ဝါရီ၁ရက်က အထက(၁) လှိုင်ဘုရင့်နောင်ခန်းမ၌ ကျင်းပသော လှိုင်မြို့နယ် ဘက်စုံထူးချွန်ဆုပေးပွဲ အခမ်းအနားတွင် မြို့နယ်အဆင့်အထက်တန်းကျောင်းများ ဘက်စုံထူးချွန်ဆု ပထမရရှိသော အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စိန်အား မြို့နယ်ပညာရေးမှူး ဒေါ်မြင့်ရီက ဆုချီးမြှင့်စဉ်။ (၁၂၈)

အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင် စီးပွား/ကူးသန်းအသင်း အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံမှတ်တမ်း-ဖိုးသော်ဇင် ◆ စာမျက်နှာဖွဲ့စည်းမှု-သောင်းရွှေ(မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၂

၂၀၀၈-၂၀၀၉ဘောလုံးရာသီ မြန်မာလိဂ်(အဆင့်မြင့်တန်း) အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲက အောင်ဆန်းကွင်းနဲ့ သုဝဏ္ဏကွင်းတို့တွင် ဆက်လက်ကျင်းပရာ စီးပွား/ကူးသန်းအသင်းနဲ့ ဆောက်လုပ်ရေးအသင်းတို့ အနိုင်ရရှိသွားကြပါတယ်။

(အောင်ဆန်းကွင်း)

စီးပွား/ကူးသန်း - နှစ်ဂိုး
စွမ်းအင် - ဂိုးမရှိ

စီးပွား/ကူးသန်းအသင်းဟာ အမာခံကစားသမားတွေဖြစ်တဲ့ မင်းသူနဲ့ မိုးဝင်းတို့ပွဲပယ်ခံထားရသလို ကွင်းလယ်လူ အောင်မျိုးသန့်လည်း မပါဝင်တာကြောင့် အကောင်းဆုံး ပုံစံမရပေမယ့် လိုအပ်တဲ့ အနိုင်ဂိုးတွေ သွင်းယူနိုင်ခဲ့တာကြောင့် အမှတ်ပြည့် ရယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒီပွဲ အနိုင်ရခဲ့တာကြောင့် စီးပွား/ကူးသန်းအသင်းဟာ လက်ရှိချန်ပီယံဘဏ္ဍာ/အခွန်ထက် နှစ်မှတ်အသာနဲ့ အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ဆဲဖြစ်ပါတယ်။ စွမ်းအင်အသင်းကလည်း အမှတ်ပေးဇယား ထိပ်ဆုံးနားမှာ ဆက်လက် ရပ်တည်နိုင်ဖို့အတွက် ဇော်ထက်အောင်၊ ကျော်ခိုင်ဝင်း၊ အောင်ကျော်မျိုး၊ စိုင်းသန်းအောင်တို့နဲ့ လူစုံထုတ်ခဲ့ပါတယ်။ စီးပွား/ကူးသန်းအသင်းကို ခြေရည်တူ လိုက်ကစားနိုင်ပေမယ့် ရှေ့တန်းရောက်ရင် အချိတ်အဆက်လွဲနေတာကြောင့် အရေးနိမ့်ခဲ့တာ ဖြစ်ပါတယ်။

ဖိကစားနိုင်

ပွဲအစမှာတော့ ဇော်ထက်အောင် ဦးဆောင်တဲ့ စွမ်းအင်အသင်းက ဖိကစားနိုင်ခဲ့ပါတယ်။ ဇော်ထက်အောင်နဲ့ ကျော်ခိုင်ဝင်း နှစ်ယောက်စလုံးကို ကွင်းလယ်မှာထားကစားခဲ့တဲ့ စွမ်းအင်အသင်းကစားပုံဟာ ပိုကောင်းခဲ့ပြီး စီးပွား/ကူးသန်းဘက်ကို ဖိအားပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့် တိုက်စစ်မှူးတွေဖြစ်တဲ့ အောင်ကျော်မျိုးနဲ့ စိုင်းသန်းအောင်တို့ဟာ ဇော်လင်းထွန်း ဦးဆောင်တဲ့ စီးပွား/ကူးသန်း နောက်တန်းကို မကျော်နိုင်ခဲ့တာကြောင့် ဂိုးရဖို့ ခက်ခဲခဲ့ပါတယ်။ ၂၃မိနစ်မှာရရှိတဲ့ ပြစ်ဒဏ်ဘောကို ဇော်ထက်အောင် တိုက်ရိုက်ကန်သွင်းပေမယ့် ဂိုးသမား ဇော်မိုးထက် ကာကွယ်နိုင်ခဲ့တာကြောင့် စွမ်းအင် နစ်နာခဲ့ရပါတယ်။ မိနစ် ၃၀ နောက်ပိုင်းမှာ စီးပွား/ကူးသန်း ကစားကွက် ပြန်မီလာပြီး ပြန်လည်ထိုးဖောက်နိုင်ပေမယ့် ပထမပိုင်းမှာတော့ ဂိုးမရှိသရေဖြစ်နေပါတယ်။

ဒုတိယပိုင်း

ဒုတိယပိုင်း ပြန်အစမှာတော့ စီးပွား/ကူးသန်းအသင်း အချိတ်အဆက် မိမိဖြင့် ထိုးဖောက်လာနိုင်ပြီး မိနစ်၅၀မှာ တိုက်စစ်မှူးထူးကျော်က အဖွင့်ဂိုး စတင်သွင်းယူခဲ့ပါတယ်။ ဂိုးပေးလိုက်ရလို့ စွမ်းအင်အသင်း ချေပဂိုးပြန်ရဖို့ ကြိုးစားလာပါတယ်။ ဒါပေမယ့် အလယ်တန်းက ပံ့ပိုးမှုတွေ မထိရောက်တာ၊ တိုက်စစ်မှူးတွေ စီးပွား/ကူးသန်း နောက်တန်းရဲ့ လူကပ်ကစားတာကို မကျော်ဖြတ်နိုင်တာကြောင့် ထိုးဖောက်မှုတွေဟာ မထိရောက်ခဲ့ပါဘူး။ စီးပွား/ကူးသန်းကို အနိုင်သေချာစေမယ့် ဒုတိယဂိုးကို မျိုးမင်းထွန်း အစားဝင်လာတဲ့ မင်းကိုကိုက ၇၃မိနစ်မှာ ပယ်နယ်တီဧရိယာထိပ်ကနေ သွင်းယူခဲ့ပါတယ်။

သုဝဏ္ဏကွင်း

သုဝဏ္ဏကွင်းမှာ ကစားခဲ့တဲ့ပွဲမှာ ဆောက်လုပ်ရေးအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို လေးဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိသွားပါတယ်။

ယနေ့ပွဲ

အောင်ဆန်းကွင်း
Air Bagan F.C - ဆက်သွယ်ရေး

သုဝဏ္ဏကွင်း
ပြည်ထဲရေး - ကမ္ဘောဇ

(မြန်မာ့အလင်း)

စီးပွား/ကူးသန်းမှ ရာဇာဝင်းသိန်းနှင့် စွမ်းအင်မှ မင်းမင်းထွန်းတို့ ဤသို့အကြိတ်အနယ်။ (မြန်မာ့အလင်း)

(၃၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသင်းလိုက်တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့ဆက်လက်ယှဉ်ပြိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက် အဖွဲ့ချုပ်တို့ကကြီးမှူး၍ ၂၀၀၉ခုနှစ် (၃၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသင်းလိုက် တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဒုတိယနေ့(၁၈)ကျင်းပြိုင်ပွဲကို ယနေ့နံနက် ၈နာရီတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ အေးသာယာဂေါက်ကွင်း၌ ဆက်လက်ကျင်းပသည်။

ဦးဆောင်

ပြိုင်ပွဲ၏ဒုတိယနေ့(၁၈)ကျင်းပြိုင်ပွဲအပြီးတွင် တစ်ဦးချင်းအကျော့မဲ့ (Individual Scratch) ပြိုင်ပွဲ၌ အေးမင်း(ရှမ်းပြည်နယ်)နှင့် သန်းဇော် (ရန်ကုန်တိုင်း)တို့က နှစ်ရက်ပေါင်း ရိုက်ချက်၁၄၄ချက်စီဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

သက်ဇော်ထွေး(ရန်ကုန်တိုင်း)က နှစ်ရက်ပေါင်း ရိုက်ချက် ၁၄၅ချက်ဖြင့်လည်းကောင်း၊ မောင်မောင်ဦး(မန္တလေးတိုင်း)နှင့် မျိုးဝင်းအောင်(မန္တလေးတိုင်း)တို့က နှစ်ရက်ပေါင်း ရိုက်ချက် ၁၄၉ချက်စီဖြစ်ကြသည်။

အသင်းလိုက်အကျော့မဲ့

အသင်းလိုက်အကျော့မဲ့ပြိုင်ပွဲ (Team Scratch)တွင် ရန်ကုန်တိုင်းက နှစ်ရက်ပေါင်းရိုက်ချက် ၄၅၄ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

နှစ်ရက်ပေါင်းရိုက်ချက်

မန္တလေးတိုင်းက နှစ်ရက်ပေါင်းရိုက်ချက် ၄၅၉ချက်ဖြင့် ဒုတိယ၊ ရှမ်းပြည်နယ်က နှစ်ရက်ပေါင်းရိုက်ချက် ၄၆၀ဖြင့် တတိယ၊ စစ်ကိုင်းတိုင်းက နှစ်ရက်ပေါင်းရိုက်ချက် ၄၇၃ချက်ဖြင့် စတုတ္ထနှင့် တနင်္သာရီတိုင်းက နှစ်ရက်ပေါင်းရိုက်ချက် ၄၇၆ချက်ဖြင့် ပဉ္စမလိုက်နေကြသည်။

ပံ့ပိုးကူညီ

အဆိုပါပြိုင်ပွဲကို မြန်မာဂေါက်သီး အကျော်အမော်များ ပေါ်ထွက်လာရေးအတွက် ရည်ရွယ်၍ Main Sponsor အဖြစ် KBZ Bank Ltd. က အဓိကကူညီပံ့ပိုးပြီး Co-Sponsor အဖြစ် Dagon Brewery Ltd.နှင့် KM Golf Centre တို့က ထပ်မံ၍ ပံ့ပိုးကူညီကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

■ *ကျော်ဖုံးမှ*

တစ်နေ့လျှင် နှစ်ကြိမ်ခန့် အနည်းငယ်သာသုံးဆောင်ခြင်းနှင့် အစာစားရာတွင် ဖြည်းဖြည်းမှန်မှန် ညက်ညက်ဝါး၍ စားသုံးခြင်းသည် မှန်ကန်သောနည်းလမ်းပင် ဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

အချိန်တို

အစားအစာများကို တနင့်တပိုးစားသုံးခြင်းသည် အစာအိမ်နှင့် အူလမ်းကြောင်းတစ်လျှောက် အစာချေဖျက်နိုင်မှုနှင့် ချေဖျက်ပြီးသောအစာများကို စုပ်ယူနိုင်မှုတို့တွင် အချိန်တိုအတွင်းမပြီးစီးနိုင်သဖြင့် အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ ရောဂါများ ရရှိစေနိုင်ကြောင်း သတိပေးထားသည်။

သတိပေးထား

အစားအစာကို ချင့်ချိန်ပြီးမှ မျှတစွာစားသုံးသည့် အလေ့အကျင့် ငယ်စဉ်ကတည်းက စနစ်တကျပြုမူစားသုံးသင့်ကြောင်း၊ အစားအစာများ အလွန်အကျွံ စားသုံးခြင်းသည် အစာအိမ်၊ အူလမ်းကြောင်း၊ အသည်းအဆီဖုံးခြင်းနှင့် နှလုံးသွေးကြောကျဉ်းရောဂါများ ဖြစ်ပွားစေနိုင်ကြောင်း ၎င်းတို့က သတိပေးထားသည်။ ။

(မြန်မာ့အလင်း)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
ပြည်လမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲအထောက်အကူပြု သိမှတ်ဖွယ်ရာ ရူပဗေဒဘာသာ သင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ
သိမှတ်ဖွယ်ရာ ရူပဗေဒ (ဒဂုံတက္ကသိုလ်)

မင်္ဂလာပါ၊ဆရာမအနေနဲ့ · ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ရူပဗေဒဘာသာရပ်ဆိုင်ရာသိမှတ်ဖွယ်ရာများအကြောင်း ပို့ချသွားပါမယ်။

(၁)	၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းလွှာဟာ ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းပုံစံအတိုင်းသာဖြစ်ပါတယ်။ ၂၀၀၈ မေးခွန်းမှာ Mechanics, Heat, Waves and sound, Optics, Electricity and Magnetism နဲ့ Modern Physics သင်ခန်းစာများကို စုံလင်အောင်မေးထားတဲ့အတွက် အခန်းအားလုံးနားလည်ဖို့ ပြဋ္ဌာန်းစာအုပ်ကို ကျေညက်အောင် လေ့လာထားစေလိုပါတယ်။
(၂)	ဒသမတန်းသင်ရိုးသစ် ဖြစ်သော်လည်း မူလရှိပြီးသား အခန်းတိုင်းမှာ Illustrations, Concept Map, Summary နှင့် ဖြည့်စွက်ထားချက် ၅% ခန့်သာရှိပါတယ်။
(၃)	သက်ဆိုင်ရာ အခန်းတစ်ခုစီအလိုက် Concept, Definition, Law, Formula, Illustration, Derivation, Units, Example, Exercises တွေ အားလုံးကို လေ့လာထား စေလိုပါတယ်။ Exercise မှာ Definition, Law, Derivation တွေအပြင် Concept တွေပါတဲ့ Question တွေ Problem တွေပါပါတယ်။ ဒါကြောင့် အားလုံးကို ဖြေကြည့်ထားဖို့လိုပါတယ်။ Text, Summary နဲ့ Teacher's Manual တို့မှာပါတဲ့ Definition တွေအားလုံးဟာ အဓိပ္ပာယ်တူညီပါတယ်။ ကြိုက်တဲ့ဟာဖြေလို့ရပါတယ်။ အင်္ဂလိပ်စာလုံးပေါင်း မှန်ရပါမယ်။ Definition, Law, Units , Example တွေကတော့ သိကို သိရမှာဖြစ်ပါတယ်။
(၄)	Section (A) မှာ Answer All Questions ဖြစ်တဲ့အတွက် (၉)ပုဒ်ဖြေဆိုရမှာ ဖြစ်ပါတယ်၊ No.9 မှာ (or)ခံထားပါတယ်။ (၄)မှတ်တန် (၉)ပုဒ် စုစုပေါင်း(၃၆) မှတ်ပါ။ ယခင်နှစ်ပုံစံအတိုင်း No.1 မှာ Fill in the blanks (၄)ခု၊ No.2 မှာ True (or) False (၄) ခုတို့ဖြစ်ပြီး ပြဋ္ဌာန်းစာအုပ်တစ်ခုလုံးကို လေ့လာထားရင်ဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။
(၅)	Section (B) မှာ Answer any FOUR Questions ဖြစ်တဲ့အတွက် No.10 မှ No.15 အထိ (၆)ပုဒ်ထဲမှ (၄)ပုဒ်ကိုသာ ဖြေဆိုရမှာ ဖြစ်ပါတယ်။ No.15 မှာ (or) ခံထားပါတယ်။ Section (B) မှာ တော့ တစ်ပုဒ်(၁၆)မှတ်နဲ့ စုစုပေါင်း (၆၄) မှတ်ဖိုးဖြေရမှာပါ။ ဒါ့အပြင် Section (B) မှာအပုဒ်တိုင်းကို (a) နှင့် (b) ထပ်မံခွဲခြားထားပါတယ်။ မေးခွန်းအားလုံး သေသေချာချာလေ့လာပြီး ကိုယ်အကောင်းဆုံး ဖြေဆိုနိုင်မယ့်(၄)ပုဒ်ကို ရွေးချယ်တတ်ဖို့လိုပါတယ်။ သတ်မှတ်ထားတဲ့ အပုဒ်ထက်ပိုဖြေထားတဲ့ အပုဒ်ရှိရင်လည်း ပိုဖြေအပုဒ်ကို ပယ်မှာဖြစ်တဲ့အတွက် အမှတ်မရရှိပါဘူး ။
	တစ်ခန်းချင်းကိုလေ့လာကြရအောင်။
	Module 1 Mechanics အပိုင်းရဲ့ ပထမအခန်း
အခန်း(၁)	WORK DONE AND POWER အခန်းမှာဆိုရင် Summary မှာ သိထားရမယ့် Definition, Law, Unit စသည်ဖြင့်ထပ်ပြီးဖော်ပြထားပါတယ်။ သူတို့နဲ့သက်ဆိုင်တဲ့ ပုံသေနည်းတွေကိုလဲ သိထားပြီး၊ stress (F) နဲ့ strain(x) ဆက်စပ်မှု graph ကိုလည်း ဆွဲနိုင်အောင် လေ့ကျင့်ထားရမယ်။
	Mechanics အပိုင်းရဲ့ ဒုတိယအခန်း
အခန်း(၂)	ကတော့ PRESSURE နဲ့ ပတ်သက်တဲ့အပိုင်းပါ။ ဒီအခန်းမှာ Pressure, Atmospheric pressure နဲ့ သူတို့ရဲ့ unit, pressure in liquid, upward thrust, Archimedes' principle, barometer, Manometer, Hydrometer, Pascal's Law တို့ကို နားလည်ပြီး buoyancy နဲ့ ပတ်သက်တာတွေနဲ့ pressure ရဲ့ unit များဆက်သွယ်မှုကိုသိထားရပါမယ်။
	Module 2 Heat အပိုင်းရဲ့
အခန်း(၃)	ဒီအခန်းမှာ Heat Conduction, Heat Convection, Radiation, Thermal conductivity Black body, The total emissive power, Stephan-Boltzmann's Law, Brownian Motion စတာတွေကို လေ့လာထားပြီး Formula များကို သိရင် ပေးထားတဲ့ Exercises တွက်နိုင်မှာပါ။
	Module 3 Waves and sound အပိုင်းရဲ့
အခန်း(၄)	မှာတော့ Stationary wave, Progressive wave နဲ့ vibrating strings, resonance column and organ pipes , Energy and momentum in waves တွေလေ့လာရမှာဖြစ်ပြီး Waves ရဲ့ amplitude, node , antinode, wavelength, frequency, wave equation, resonance တွေကိုပါ ကျေကျေညက်ညက် သိထားရမယ်။ beat နဲ့ noise exposure limits ကို သိထားရပါမယ်။

	Module 4 Optics အပိုင်းရဲ့ ပထမအခန်း
အခန်း(၅)	မှာ INTRODUCTION TO LIGHT ဖြစ်ပါတယ်။ The Nature of light ကို ဖော်ပြတဲ့ Theory နှစ်ခု၊ refraction of light, Laws of Refraction, Refractive index, Absolute refractive index, refractive index ရဲ့ Formula အမျိုးမျိုး၊ အပြိုင်အနားများရှိတဲ့ glass slab အတွက် angle of incidence နဲ့ angle of emergence ဆက်စပ်ပုံ၊ Lateral Displacement (d) တွေကို ပိုင်နိုင်ရပါမယ်။ total internal reflection, critical angle, minimum deviation, Refractive index of the prism, The angle of deviation of thin prism , Applications of total internal reflection , Dispersion by a prism တွေကိုလည်း သိထားရပါမယ်။diagram များလည်း ဆွဲတတ်ဖို့လေ့ကျင့်ထားရမယ်။
	Module 4 Optics အပိုင်းရဲ့ ဒုတိယအခန်း
အခန်း(၆)	ကတော့ REFRACTION, DIFFRACTION AND INTERFERENCE OF LIGHT ပါ။ Lens equation, lens-makers' equation, refraction through lenses, concave and convex lenses နဲ့· Principal focus and focal length, Formation of images by lenses, ray diagram တွေ၊ Magnification , Power of a lens, diffraction and interference တွေနဲ့ ပတ်သက်တဲ့ပုစ္ဆာတွေကို သိကျွမ်းဖို့လိုပါတယ်။
	Module 4 Optics အပိုင်းရဲ့ တတိယအခန်း
အခန်း(၇)	ကတော့ OPTICAL INSTRUMENTS အပိုင်းပါ။ဒါကြောင့် camera, eye, defects of vision နဲ့ simple microscope (magnifying glass), compound microscope, Astronomical telescope, Terrestrial telescope, slide projector တွေနဲ့ ပတ်သက်တဲ့ ပုံသေနည်းနဲ့ ပုံတွေကိုသိထားပြီး ပုစ္ဆာများ တွက်နိုင်ရပါမယ်။ camera နဲ့ eye တို့ရဲ့ တူညီချက်၊ ခြားနားချက်များကိုလည်း သိကျွမ်းဖို့လိုပါတယ်။
	Module 5 Electricity and Magnetism အပိုင်းမှာ ခြောက်ခန်းရှိပါတယ်။ ပထမခန်းဖြစ်တဲ့
အခန်း(၈)	မှာ THE ELECTRIC FIELD အပိုင်းပါ၊ Coulomb's Law နဲ့ formula အမျိုးမျိုး၊ electric field, electric field intensity, electric lines of force, lighting conductor, Non-uniform electric field and uniform electric field နဲ့ပတ်သက်တာတွေ လေ့လာထားရပါမယ်။ electric field တွက်ရာတွင် vector quantity ဖြစ်တဲ့အတွက် direction တွေကိုလည်း ဖြေပေးရန်လိုပါတယ်။ သူတို့နဲ့ဆက်စပ်နေတဲ့ diagram များကိုလည်း သိထားရမယ်။
	Module 5 Electricity and Magnetism အပိုင်းရဲ့ ဒုတိယခန်း
အခန်း(၉)	က ELECTRIC POTENTIAL ဖြစ်ပါတယ်။ electric potential, electric potential difference နဲ့ unit များ၊ equation များ ၊ equipotential surface, electric potential of the earth နဲ့ potential between two parallel charged plates နှင့် သက်ဆိုင်သော diagram များကို လေ့လာထားရမယ်။ potential တွက်တဲ့အခါ charge များရဲ့ လက္ခဏာကို ထည့်တွက်ရမယ်။
	Module 5 Electricity and Magnetism အပိုင်းရဲ့ တတိယခန်း
အခန်း(၁၀)	မှာတော့ CAPACITANCE အခန်းဖြစ်ပါတယ်၊ Capacitor, Capacitance နဲ့ သူ့ရဲ့ unit အမျိုးမျိုး၊ parallel plate capacitor, capacitance formula ထုတ်ဖော်ပုံ၊ dielectric constant, Energy of a capacitor, Capacitors in parallel, in series များကိုလည်း လေ့လာထားပြီး သူတို့ရဲ့ example များ၊ exercise များကို နားလည်ထားရပါမယ်။
	Module 5 Electricity and Magnetism အပိုင်းရဲ့ စတုတ္ထခန်း
အခန်း(၁၁)	ကတော့ CURRENT AND ELECTRIC CIRCUITS တွေအကြောင်း ဖြစ်ပြီး current, direction of current , unit of current, Effect of current (၃)မျိုးတို့ကို ပုံနှင့်တကွ သိရပါမယ်။ Ohm's law နဲ့သက်ဆိုင်သော အချက်အလက်များကို လေ့လာပြီး resistance, resistivity, resistance ရဲ့ အပူချိန်ပေါ်မူတည်ပြီး ပြောင်းလဲပုံ၊ resistor တွေရဲ့ series, parallel ဆက်တာတွေကို သိကျွမ်းရပါမယ်။ Electromotive force, battery in series and in parallel နဲ့သူတို့ရဲ့ circuit ကို ကျွမ်းကျင်ပြီး၊ circuit equation ကိုလည်း ဖော်ပြနိုင်ရမယ်။
	Module 5 Electricity and Magnetism အပိုင်းရဲ့ ပဉ္စမခန်း
အခန်း(၁၂)	မှာတော့ ELECTRICAL ENERGY AND POWER ဖြစ်ပါတယ်။ Electrical energy and power, သူတို့ရဲ့ unit အမျိုးမျိုးနဲ့ unit များ ဆက်စပ်ပုံတို့ကို သိရှိထားပြီး Joule's Law of electricity and heat နဲ့ Electrical energy, heat ရဲ့ unit များကို တတ်ကျွမ်းရမယ်။ heating effect of current ကိုသုံးပြီး ပြုလုပ်ထားသော အိမ်သုံးပစ္စည်းများကိုလည်း လေ့လာထားရမယ်။ Dangers of Electricity ကိုလည်း မှတ်သားထားဖို့လိုပါတယ်။
	Module 5 Electricity and Magnetism အပိုင်းရဲ့ ဆဋ္ဌမခန်း
အခန်း(၁၃)	ELECTROMAGNETISM အခန်းဖြစ်ပါတယ်။ ဒီအပိုင်းမှာ Magnetic Field due to an electric current မှာ magnet , electromagnet, Magnetic lines of force, application of right hand rule, Fleming's left hand rule, magnetic field of solenoid, torque on a coil in magnetic field, moving coil galvanometer မှ ammeter, voltmeter အဖြစ် ပြောင်းလဲအသုံးပြုပုံနှင့် resistance များတွက်ခြင်းကို နားလည်ရပါမယ်၊ electromagnetic induction မှ Faraday's law , Lenz's law တို့ကို သိရမယ်။ d.c, a.c current, voltage ရဲ့ equation များ၊ ပုံများ၊ Transformer, principles of house wiring တွေကို သိရမယ်။
	Module 6 Modern Physics အပိုင်းကတော့
အခန်း(၁၄)	ဖြစ်ပါတယ်။။ Thermionic emission မှစပြီး၊ Vacuum diode, triode နဲ့ Characteristic များ၊ Semiconductor, junction diode, rectifier, transistor များ အကြောင်းတွေကို ပုံနှင့်တကွလေ့လာရမယ်။ Integrated Circuit, Logic gates, Combination of gates, Using Logic Gate အကြောင်းတွေကိုသိရမယ်။ Radio, Television, Computer တွေကိုလည်း စုံလင်စွာလေ့လာထားရပါမယ်။ Cathode Rays နဲ့ သူ့ရဲ့ properties, *စာမျက်နှာ ၁၆ ကော်လံ ၁*

3-2 (15).pmd 1 2/3/2009, 2:24 AM

စာမျက်နှာ ၁၅ မှ

	Cathode Rays Oscilloscope, Cathode Rays Tube, X-rays နဲ့ သူ့ရဲ့ properties, Production of X-rays, Uses of X-rays တို့ကို နားလည်ဖို့ လိုပါတယ်။ Radioactivity, Alpha Rays, Beta Rays, Gamma Rays, Half life အကြောင်းတွေနဲ့ Models of atom (၃)ပိုင်း၊ isotope, uses of radioactivity, Nuclear Energy တွေကိုလည်း လေ့လာပါ။

ပုစ္ဆာကို တွက်ပုံတွက်နည်းသိရှိဖို့ နမူနာပုစ္ဆာ အနည်းငယ်ကို ကောက်နုတ်ဖော်ပြပါမယ်။

ပုစ္ဆာကို သေသေချာချာဖတ်ပြီး၊ ပေးထားချက်တွေကို ချရေးပါမယ်။ ဘာကိုဖြေရမယ် ဆိုတာ သိဖို့လိုပါတယ်။ သက်ဆိုင်တဲ့ Formula ကိုရွေးချယ်ပါ။ ပေးထားတဲ့ တန်ဖိုးများမှန်ကန်စွာထည့်ပြီး တွက်ပါ။ ကိန်းဂဏန်းတန်ဖိုးနဲ့ unit ကို မှန်အောင်ရေးမှ အမှတ်ပြည့်ရပါမယ်။ unit မှားခဲ့ရင် unit အတွက်အမှတ် မရရှိနိုင်ပါ။ အချို့ပုစ္ဆာများတွင် ပေးထားချက်များကို unit ပြောင်းရန်လိုအပ်ပါက ပြောင်းပေးရမယ်။

နမူနာပုစ္ဆာအချို့ကို ကြည့်ရအောင်။

Q 1 Define power for car engines, water pumps and air conditioners. The power output of the motor of a crane is 2000 W. With what speed can the machine lift a 1000 kg load? ($g = 10\ ms^{-2}$)

A 1 ရှေ့ပိုင်းတွင် power ရဲ့ definition ကိုသာမေးတဲ့အတွက် power ရဲ့ definition ဖြစ်တဲ့ The rate of doing work is defined as power. လို့ဖြေရမယ်။

ဒုတိယပိုင်းက ပေးချက်များရေးရမယ်။

$P = 2000\ W,\ m = 1000\ kg,\ g = 10\ ms^{-2}$

speed (v) ကိုမေးတာဖြစ်တဲ့အတွက် သက်ဆိုင်တဲ့ညီမျှခြင်း $P = Fv$ ကိုရေးမယ်။

F ကို $F = mg$ သုံးပြီးရှာမယ်။

$F = m g = 1000 \times 10 = 10000\ N$

$P = F v$

$$v = \frac{P}{F} = \frac{2000\ W}{10000\ N} = 0.2\ ms^{-1}$$

Q 2 The Temperature of the filament is 2500 K when the bulb is switched on. The diameter of the filament is 0.1 mm and it is made of metal of emissivity 0.35. If the emissive power is 40 W , find the length of the filament. ($\sigma = 5.685 \times 10^{-8}\ Wm^{-2}K^{-4}$)

A 2 $T = 2500\ K,\ d = 0.1\ mm = 0.1 \times (10^{-3}\ m) = 10^{-4}\ m,\ e = 0.35,\ P = 40\ W,\ l = ?$

ဒီပုစ္ဆာမှာ d ကို unit ပြောင်းပေးရတယ်။

P= 40 W = rate of heat flow (H) ဖြစ်တယ်။ ဒါကြောင့် H ရဲ့ equation ကိုရေးပြီး တွက်ရမယ်။

$H = e\sigma AT^4 = e\sigma(\pi d\ell)T^4$

$40 = 0.35 \times 5.685 \times 10^{-8} \times 3.14 \times 10^{-4} \times \ell \times (2500)^4$

$40 = 244.06\ \ell$

$\ell = 0.16\ m$ ရပါတယ်။

Q 3 A magnifying glass of focal length 9 cm is used to produce an image which is three times the size of an object. How far must the magnifying glass be placed from the object?

A 3 magnifying glass လို့ပေးထားတဲ့အတွက် convex lens ဖြစ်ပြီး image ကလည်း virtual, erect လို့ ယူရမယ်။ ဒါကြောင့်ပေးချက်မှာ-

$f = +9\ cm,\ m = \frac{II'}{OO'} = - \quad = +3$ ဖြစ်ပါတယ်။

နောက် u, v ဆက်စပ်မှုရှာပြီးမှ lens formula နဲ့ object distance ရှာပါမယ်။

$m = \frac{II'}{OO'} = - \quad = +3$ $v = -3u$ $\frac{1}{u} + \frac{1}{v} = \frac{1}{f}$	$\frac{1}{u} + \frac{1}{(-3u)} = \frac{1}{9}$ $u = 6\ cm$ The magnifying glass must be placed 6 cm from the object.

Q 4 An electric stove of 1200 W is connected to a 240 V mains line. (a) Find its resistance. (b) Find the current flowing through it. (c) Find the number of calories produced in one second by it. (d) Find the electrical power produced by it when the voltage of the mains line drops to 200 V.

A 4 ဒီပုစ္ဆာမှာ မေးခွန်း(၄)ခုရှိပါတယ်။

$P = 1200\ W,\ V = 240\ V$

(a) မှာ resistance R ကို တွက်ရမှာပါ၊

$$p = \frac{V^2}{R},\ R = \frac{V^2}{P} = \frac{(240)^2}{1200} = 48\ \Omega$$

(b) ကတော့ I ကိုရှာရမယ်။

$$P = VI,\ I = \frac{P}{V} = \frac{1200}{240} = 5\ A$$

(c) မှာတော့ 1 sec မှာ ထုတ်ပေးမယ့် calories မေးတာဖြစ်လို့ t = 1s အတွက် H ကိုတွက်မယ်။

$$H = \frac{Pt}{J} = \frac{1200 \times 1}{4.2} = 285.71\ cal$$

(d) voltage 200 V အတွက် electrical power ကို ရှာခိုင်းပါတယ်။ V လျော့ရင် I လျော့တဲ့အတွက် (b) မှာရှာခဲ့တဲ့ I ကို သုံးပြီးတွက်လို့ မရဘူး။ (a) က R ကိုသုံးပြီး တွက်ရမယ်။

$$P = \frac{V^2}{R} = \frac{(200)^2}{48} = 833.33\ W$$

Q 5 A 150 V voltmeter has a resistance of 20 000 Ω. When it is connected in series with a resistor across a 120 V mains line it reads 5V. What is the resistance of the resistor?

A 5 $R_G = 20\,000\ \Omega,\ V = 120\ V,\ V_{RG} = 5\ V,\ R = ?$

ရှေ့က 150V voltmeter ဆိုတာ voltmeter က အများဆုံးတိုင်းတာနိုင်တဲ့ ပမာဏကို ပြတာဖြစ်လို့ ထည့်ပြီး တွက်စရာမလိုပါ။



$V = V_{RG} + V_R,\ V_R = V - V_{RG} = 120 - 5 = 115\ V$

V_R သိရင် I ကို တွက်ယူမယ်။ series ဆက်တဲ့အတွက် R_G မှာ စီးမယ့် I နဲ့ အတူတူပဲ။ ဒါကြောင့်

$$I = \frac{V_{RG}}{R_G} = \frac{5}{20000} = 2.5 \times 10^{-4}\ A$$

$$I = \frac{V_R}{R},\ R = \frac{V_R}{I} = \frac{115}{2.5 \times 10^{-4}} = 460000\ \Omega = 460\ k\Omega$$

ဒါကြောင့်

၁။ မေးခွန်းဟောင်းများကို လေ့လာပါ။

၂။ Text book ကို ကျေညက်အောင် လေ့လာပါ။

(က) Laws, Definitions, units အားလုံးကို မှန်အောင်ရေးချနိုင်ပါစေ။

(ခ) Examples, Problems အားလုံးကို နားလည်ပြီး တွက်ချက်နိုင်ပါစေ။

(ဂ) Diagrams အားလုံးကို ဆွဲတတ်၊ Label ထိုးတတ်ပါစေ။

(ဃ) စာလုံးပေါင်းမှန်ပါစေ။

ကျောင်းသားကျောင်းသူများအားလုံး စာမေးပွဲဖြေဆိုနိုင်ပါစေ။ ။

အမည်ပြောင်း
အဖ ဦးသိန်းလှိုင် ၁၃/လရန(နိုင်) ၀၀၁၃၆၅၏သား ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ အထက(၁)ဒုတိယတန်း(F)မှမောင်ထွန်းထက်အောင်အား မောင်ထက်နိုင်လင်းဟု ပြောင်းလဲခေါ်ပါရန်။

စွမ်းစွမ်းကိုခေါ်ပါ
TV.DVD MONITOR
အိမ်အရောက်ပြုပြင်သည်။
TV နှင့် အခြားစက်အဟောင်း၊ အပျက်များ ဝယ်သည်။
ဖုန်း-၅၄၀၇၉၅။

ကားရောင်းမည်
LITE ACE 83 Model အလုံး
လ-၂ထောင်ကျော်
GXL မှန်ကာလာ
ကားသန့် ကျပ် ၁၄၅ သိန်း
ဖုန်း-၅၄၀၇၉၅။





ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ နိုင်ငံရေးပါတီများနှင့်တွေ့ဆုံ ဧရာဝတီတိုင်း လေဘေးသင့်ဒေသများ၌ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ သွားရောက်ကြည့်ရှုလေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၂

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr.Ibrahim Agboola Gambari သည် ယနေ့နံနက် ၈နာရီ ၃၅မိနစ်တွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့်လည်းကောင်း၊ နံနက်၉နာရီ ၂၅မိနစ်တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌွေးဦးနှင့်လည်းကောင်း၊ နံနက်၁၀နာရီ ၂၅မိနစ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ရွှေနှင့် အလုပ်အမှုဆောင်အဖွဲ့ အပါအဝင် ဒေါ်အောင်ဆန်းစုကြည်တို့နှင့်လည်းကောင်း၊ နံနက်၁၁နာရီ ၂၅မိနစ်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးခင်မောင်ကြီးနှင့် အဖွဲ့ဝင်များနှင့် လည်းကောင်း၊ နံနက်၁၁နာရီ ၄၅မိနစ်တွင် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် အတွင်းရေးမှူး ဦးစိုင်းစောအောင်နှင့် အဖွဲ့ဝင်များနှင့်လည်းကောင်း ရန်ကုန်မြို့ စိမ်းလဲ့ကန်သာဧည့်ရိပ်သာ၌ သီးခြားစီ တွေ့ဆုံသည်။

ကြည့်ရှုလေ့လာ

မွန်းလွဲပိုင်းတွင် Mr. Gambari သည် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့် တာဝန်ရှိသူများနှင့်အတူ ဧရာဝတီတိုင်း လေဘေးသင့် ဘိုကလေးမြို့နှင့် လပွတ္တာမြို့နယ် လှိုင်းဘုန်းစံပြကျေးရွာတို့၌ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရဟတ်ယာဉ်ဖြင့် သွားရောက်ကြည့်ရှု လေ့လာသည်။

တည်ခင်းဧည့်ခံ

ညပိုင်းတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက Mr.Gambari အား မြရိပ်ညိုရှိုင်ရယ်ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

ဧည့်ရိပ်သာ၌တွေ့ဆုံ

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူး အကြံပေးပုဂ္ဂိုလ် **Mr.Ibrahim Agboola Gambari** နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ရွှေနှင့် အလုပ်အမှုဆောင်အဖွဲ့ အပါအဝင် ဒေါ်အောင်ဆန်းစုကြည်တို့ ရန်ကုန်မြို့ စိမ်းလဲ့ကန်သာ ဧည့်ရိပ်သာ၌ တွေ့ဆုံကြစဉ်။

(သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အက်စစ်ဓာတ်များလာသည့် ပင်လယ်သမုဒ္ဒရာများ

ဘာသာပြန်သတင်းမှတ်စု - မိုးမြင့်လင်းလက်
စာမျက်နှာဖွဲ့စည်းမှု - တိုးလွင် (မြန်မာ့အလင်း)



ကမ္ဘာ့ပင်လယ်နှင့် သမုဒ္ဒရာတို့တွင် အက်စစ်ဓာတ်ပျော်ဝင်မှု ပိုမိုများပြားလာကြောင်း အဏ္ဏဝါဇေဒဆိုင်ရာ သုတေသနပညာရှင်များက သတိပေးလိုက်သည်။

တိုးမြှင့်ထုတ်လွှတ်

ကမ္ဘာ့နိုင်ငံအသီးသီးတို့အနေဖြင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များ ထုတ်လွှတ်မှုပမာဏ တိုးမြှင့်ထုတ်လွှတ်လျက်ရှိရာ လေထုအတွင်းရှိ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များကို ကမ္ဘာ့ပင်လယ်နှင့် သမုဒ္ဒရာတို့က ပိုမိုစုပ်ယူလျက်ရှိကြောင်း သိရသည်။

အငန်ဓာတ်

ပြီးခဲ့သည့် ဆယ်စုနှစ်တာကာလအတွင်း ပင်လယ်နှင့် သမုဒ္ဒရာတို့၏ အက်စစ်ဓာတ်ပျော်ဝင်မှုနှုန်းမှာ လျင်မြန်စွာ မြင့်တက်ခဲ့ကြောင်း၊ ပင်လယ်နှင့် သမုဒ္ဒရာတို့၏ အငန်ဓာတ်ပါဝင်မှုနှုန်းလည်း မြင့်တက်ခဲ့ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

စာမျက်နှာ ၅ ကော်လံ ၁ ✻

မြန်မာ့အလင်း **အင်တာနက်ကျန်းမာရေး**

အစားအစာကို မဆင်မခြင်စားသုံးခဲ့လျှင် အစာအိမ်နှင့် အူလမ်းကြောင်းရောဂါများဖြစ်ပွားနိုင်ဟုဆို



အာဟာရပြည့်ဝသော အစားအစာများကိုချင့်ချိန်စားသုံးခြင်းသည် အဝလွန်မှု မဖြစ်ပေါ်စေနိုင်သည့်အပြင် ကျန်းမာရေးကို အထောက်အကူဖြစ်စေကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

ဖြည်းဖြည်းနှင့်မှန်မှန်

*အသီးအရွက်နှင့် အသားငါးများ*ကို စာမျက်နှာ ၁၃ ကော်လံ ၅ ■

တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၅နှင့် ၁၆တွင် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ ရူပဗေဒဘာသာ (ဒဂုံတက္ကသိုလ်) သင်ခန်းစာကို ဖော်ပြထားပါသည်။

မီးဖို မီးကြွင်းမီးကျန် သတိပြုရန် နှိုးဆော်ချက်

(က) မီးဖို မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွားတတ်သဖြင့် မီးဖိုများသုံးစွဲပြီးပါက မီးငြိမ်းသတ်ခြင်းကို မမေ့မလျော့ ပြုလုပ်ကြရန်။

(ခ) မိသားစုဝင်အားလုံး အပြင်သွားမည်ဆိုပါက သုံးစွဲနေသော လျှပ်စစ်ပစ္စည်းများကို မီးပလပ်ကိုဖြုတ်၊ မိန်းခလုတ်(Main Switch) ချထားပြီးမှ အပြင်သို့သွားခြင်းကို သတိထားပြီး အလေ့အကျင့်ပြုလုပ်ကြရန်။

(ဂ) မီးဖို မီးကြွင်းမီးကျန်များကို မငြိမ်းသတ်ဘဲ မေ့လျော့ပေါ့ဆစွာ ထားခဲ့ခြင်းနှင့် အိမ်တွင်လူစောင့်မထားဘဲ အပြင်သို့သွားစဉ် မီးအားမြှင့်စက်နှင့် မိန်းခလုတ်တို့အား ချမထားခဲ့ခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားတတ်သည်ကို အသိတရားဖြင့် သတိထားရန်။

(မီးသတ်ဦးစီးဌာန)